ဖြစ်ရပ်မှန် ဇာတ်လမ်း (၂)

ကျော် ထူး လင်း
၏
ရင် တွင်း ဖြစ်
အခါလွန်မိုး

၁။

‘ဟော. . . ကိုထွန်းထွန်းပါလား၊ ဘယ်တုန်းကရောက်လဲ. . . ’

‘တပတ်လောက်ရှိပြီဗျ. . .၊ သင်တန်းလာတက်တာ. . . ’

‘ဘယ်တော့ပြန်မှာလဲ. . . ’

‘သဘက်ခါ. . . ’

‘ဒါဆိုအတော်ပဲ၊ ကျွန်တော်လူကြုံရှာနေတာဗျ၊ ခင့်ကို တယောက်တည်းဒီမှာထားခဲ့ရမှာမို့ နောက်ဆံငင်နေတုန်း ခင်ဗျားနဲ့ ဆိုက်ဆိုက်မြိုက်မြိုက်တွေ့ရတော့ အဆင်ပြေသွားတာပေါ့၊ ဟုတ်ဘူးလားခင်၊ ခင်လည်း သန်ဘက်ခါပြန်မှာ။ ခင်ဗျား ဒီမှာပဲ တည်း နေတာလား’

‘ဟုတ်တယ်၊ ဝမ်းဆဲဗင်းတူးဝမ်းမှာ. . . ’

‘ကျွန်တော်တို့က တူးအိုသရီးနိုင်း. . .။ ခင်ဗျားရောက်တာ ကြာပြီလား’

‘၁၅ရက်ရှိပြီဗျ’

‘ကျွန်တော်တို့က ၅ရက်ရှိပြီ။ မဆိုးဘူးနော်။ အေးဗျာ၊ အခုတော့ ခင့်အတွက် စိတ်အေးရတာပေါ့။ ဒီလို ကိုထွန်းထွန်းရေ၊ ကျွန်တော်တို့နှစ်ယောက်က လာတုန်းကတော့ အေးအေးဆေးဆေးပဲ။ ဒီကျတော့မှ ကျွန်တော့်မှာ အလုပ်ပေါ်လာလို့ ထိုင်ဝမ်ကို ဒီနေ့ နေ့ခင်းပဲ ကူးရတော့မှာ။ ထိုင်ဝမ်မှာ တရက်နေပြီးရင် အမေရိကကို ဆက်သွားရဦးမှာဆိုတော့ ခင့်ကို ခေါ်သွားလို့မဖြစ်တော့ဘူး။ ဒါနဲ့ ခင်ဒီနေ့ပြန်လို့ရမလားလို့ ထိုင်းအဲယားခင်းကို လှမ်းမေးတော့လည်း ဝယ်ထားတဲ့နေ့ထက် စောချင်လို့မရဘူး၊ နောက်ကို ရွှေ့ချင်ရင်တော့ ဖြစ်တယ်လို့ ပြန်ပြောတယ်။ ခင့်အတွက် ဒုက္ခရောက်နေတာပေါ့. . . ’

‘အော်. . . သဘက်ခါ တီဂျီနဲ့လား။ ကျွန်တော်လည်း တီဂျီနဲ့ပဲဆိုတော့ အဆင်ပြေတာပေါ့ ကိုမြင့်နိုင်. . . ’

‘အေးဗျာ။ မပြန်ခင်လည်း ခင့်ကို ခင်ဗျား အဖော်လုပ်ပေးပါဦးဗျာ. . . ’

‘စိတ်ချ၊ စိတ်ချ’

ဇာတ်လမ်းက ထိုနေရာတွင် စပါ၏။

နိုင်ငံကား ဟောင်ကောင်။ နေရာကား ရှန်ဂရီလာ ကြယ်ငါးပွင့်ဟိုတယ်ကြီး၏ညှော့ကြိုစားပွဲရှေ့မှာ။ အချိန်ကား တခုသော သောကြာ၊ မွန်းတည့်စအချိန်။ ထိုနိုင်ငံသို့ အလုပ်ကိစ္စနှင့်ရောက်နေသော ထွန်းထွန်းမှာ ဆွမ်းခံရင်း ငှက်သင့်ရလေပြီ။

မြန်မာပြည်ရန်ကုန်မြို့တွင် တမြို့တည်းနေကြပေမယ့် သာရေးနာရေးမရှိလျှင် ကိုယ့်အလုပ်နှင့်ကိုယ်ရှုပ်ကာ တယောက်နှင့် တယောက်ဆုံဖြစ်ဖို့ တနှစ်တခါပင်ကြုံရခဲ့သည့် ငယ်သူငယ်ချင်း မြင့်နိုင်တို့လင်မယားကို ဟောင်ကောင်မှာမှတိုက်တိုက်ဆိုင်ဆိုင်လာ ဆုံရ၏။ မြင့်နိုင်ကား လူချမ်းသာတဦးဖြစ်နေပြီ။ သူ့ဇနီး ခင်(ခေါ်) ခင်ခင်အေးမှာလည်း မြင့်နိုင်နှင့်မညားခင်ကတည်းက ရင်းနှီးခဲ့သူ ဖြစ်ပါ၏။ မြင့်နိုင်မချမ်းသာခင်၊ သူလည်း လူပျိုကိုယ်လွတ်ဘဝတုန်းက မြင့်နိုင်တို့အိမ်သည် သူ့စားအိမ်သောက်အိမ်ဖြစ်ခဲ့သည်မို့ မြင့် နိုင်နှင့် တင်မကဘဲ ခင်ခင်အေးနှင့်ပါ အလွန်ရင်းနှီးပါ၏။

နောက်ပိုင်း မြင့်နိုင် ချမ်းသာလာသောအခါတွင်မူ သူကလည်း အိမ်ထောင်တွေကျ၊ သူ့ဘဝအတွက်လည်း ရုန်းကန်နေရသဖြင့် အနေခင်းခဲ့ကြ၏။

ယခုဆုံမယ့်ဆုံတော့ ဟောင်ကောင်မှာ။ မြင့်နိုင်ကတော့ သူ့လောဘဇောနှင့် ဇနီးသည်ကို ထားရစ်ကာ ခရီးဆက်လေပြီ။ သူ့ မိန်းမကို အဖော်လုပ်ပေးဖို့လည်း မှာသွား၏။

၂။

ညနေ ၄နာရီလောက်တွင် ထွန်းထွန်းအခန်းမှ ဖုန်းကမြည်လာ၏။

'ကိုထွန်းထွန်းရေ၊ ခင်ပါ. . .'

'ဟုတ်ကဲ့ပါ ခင်. . .'

'ခင် နှောင့်ယှက်ရာများရောက်သွားလား. . .'

'မရောက်ပါဘူး။ ကျွန်တော်ပျင်းတာနဲ့ တီဗီထိုင်ကြည့်နေတာ'

'ဒီညနေ ကိုထွန်းမှာ ဘာအစီအစဉ်တွေရှိလဲ. . .'

'အထူးမရှိပါဘူး ခင်၊ ဈေးလေးဘာလေး ဝယ်ပြီး၊ ညစာစားဖို့ပါပဲ. . .'

'ဘယ်သူတွေပါဦးမှာလဲ. . .'

'ဟင့်အင်း. . . မပါပါဘူး၊ ကျွန်တော်တယောက်တည်းပါ။ သင်တန်းကအဖွဲ့တွေက ပြန်ကုန်ကြပြီ။ ကျွန်တော်ကသာ ရောက် တုန်းပေါက်တုန်း ဝယ်ရခြမ်းရအောင်နေခဲ့တာ. . .'

'ခင်လိုက်ခဲ့မယ်ဆိုရင် ကိုထွန်းထွန်းအတွက် အနှောင့်အယှက်ဖြစ်မှာလားဟင်. . .'

'ဟာ. . . ခင်ကလည်း လုပ်ပြီ။ ကျွန်တော်ကတောင် ခင့်ကို ခေါ်ဖို့စဉ်းစားနေတာ။ ခင်အနှောင့်အယှက်ဖြစ်မှာစိုးလို့. . .'

'ဒါဆို ခင်လိုက်ပါရစေနော်၊ ညစာလည်း တူတူစားကြတာပေါ့. . .'

၃။

ဓာတ်လှေခါးထဲမှ ထွက်လာသော ခင်ခင်အေးကို ကြည့်ကာ ထွန်းထွန်း အသက်ရှ-မှားချင်သလိုဖြစ်သွားခြင်းသည် ယခုဆက် လက်ဖော်ပြမည့် ဇာတ်လမ်းအတွက် အသက်ဖြစ်ပါ၏။

ပြောရလျှင် ထွန်းထွန်းအသက်လည်း မငယ်တော့ပါ။ ၄၀ရှိပါပြီ။ ခင်ခင်အေးလည်း မငယ်တော့ပါ။ သူ့ထက် ၃နှစ်ငယ်သဖြင့် ၃၇နှစ်ပေါ့။ ထွန်းထွန်းကိုယ်တိုင်က သားနှစ်ယောက်ဖခင်ဖြစ်နေသလို ခင်ခင်အေးသည်လည်း ကလေးနှစ်ယောက်မိခင်ဖြစ်ပါ၏။

သို့သော် လွန်ခဲ့တဲ့ ၁၅နှစ်ကျော်၊ မြင့်နိုင်နှင့်အိမ်ထောင်မကျခင်ကတည်းက ကိုယ်လုံးကိုယ်ပေါက်အတိုင်း ခင်ခင်အေးက သွယ် လျနေဆဲဖြစ်ပါ၏။ ခင်ခင်အေး၏မျက်နှာမှာလည်း ရင့်ကျက်လာသည့်အတွက် ပိုမိုကြက်သရေရှိလာသည်မှအပ လွန်ခဲ့တဲ့၁၅နှစ်ကျော်က လိုပင် လှပတင့်တယ်ဆဲလည်း ဖြစ်ပါ၏။

ရန်ကုန်တွင်နေစဉ်က တချိန်လုံး ထဘီနှင့် မြန်မာလိုဝတ်စားထားသည်ကိုသာတွေ့ဖူးထားရသော ထွန်းထွန်းအတွက် ခင်ခင် အေးကို အခုလို မီနီစကပ်နှင့် ချပ်ချပ်ရပ်ရပ်မြင်လိုက်ရတော့ အသက်ရှ-မှားချင်သည်မှာ မဆန်းလှပေ။

ဖြူဝင်းသောအသားအရေ၊ ဆံပင်ထုံးဖွဲ့ပုံနှင့် ပြည့်တင်းသော နှုတ်ခမ်းကို စိုစိုရဲရဲဆိုးထားသည်များကြောင့် ခင်ခင်အေး၏ မျက်နှာလေးက ဖူးနေအောင်လှနေပါ၏။ ဝတ်ထားသော အပြာနုရောင် မီနီစကပ်က အသားကပ်ဖြစ်နေလေရာ ခင်ခင်အေး၏ရှိုက်ကြီးဖို ငယ်အသွယ်သွယ်ကိုတင်းတင်းရင်းရင်းမြင်နေရ၏။ ယုတ်စွအဆုံး နို့သီးခေါင်းအရာလေးများကိုပင် ပြူးပြူးကလေးတွေ့နေရသလိုပင်။

ပေါင်လယ်အထိတိုသော စကပ်ကို ဝတ်ဆင်ထားသဖြင့် ပေါင်တံသွယ်သွယ်များနှင့် ခြေသလုံးဖွေးဖွေးတို့၏အလှကိုလည်း စာ ဖွဲ့ရမလိုဖြစ်နေပါတော့၏။

ဒါ ငယ်သူငယ်ချင်းရဲ့မိန်းမပဲဟု မိမိကိုယ်ကို သတိပေးရင်း ထွန်းထွန်းတယောက် သက်ပြင်းချကာ ဟိုတယ်တွင်းမှ နှစ် ယောက်သား ထွက်ခဲ့ကြပါ၏။ ခင်ခင်အေးက စကားတွေ ဖောင်နေသော်လည်း ထွန်းထွန်းမှာ မကြားတချက်ကြားတချက်၊ လမ်းအကူး မှာ သူ့လက်မောင်းကို လှမ်းဆုပ်တော့လည်း ရင်ထဲ ဖိုချင်သလိုလို။

ကုန်တိုက်တွေတခုပြီးတခုသွားကာ ဝယ်ကြခြမ်းကြသည်၊ ပြီးတော့ ပစ္စည်းတွေ ဟိုတယ် ပြန်ထား၏။ ညရှစ်နာရီခွဲကျတော့ ဟိုတယ်အနီးက တရုတ်ဆိုင်လေးမှာ ညစာစားကြ၏။ ခင်ခင်အေးက ဝိုင်သောက်ချင်သည်ဆို၍ ဝိုင်အဖြူတလုံးမှာကာနှစ်ယောက်သား သောက်ရင်း စကာတွေဖောင်ဖွဲ့ကြ၏။

အဓိကကတော့ ခင်ခင်အေး မြင့်နိုင်ကို မကျေနပ်ကြောင်းသာဖြစ်၏။ ခင်ခင်အေး မကျေနပ်ချင်လည်း မကျေနပ်ချင်စရာ။ ဇနီးအရင်းခေါက်ခေါက်ကို သူများနိုင်ငံမှာ ထားရစ်ကာ သူက ခရီးဆက်သွားခြင်းအတွက် ခင်ခင်အေး ဘယ်နည်းနှင့်နားလည်ပေးနိုင်ပါ မည်နည်း။ တော်ပါသေးရဲ့. . . ကိုထွန်းထွန်းနဲ့ တွေ့ပေလို့ပေ့ါတဲ့။

ဝိုင်တပုလင်းမှာ ထွန်းထွန်းက နှစ်ခွက်သာ သောက်လိုက်ရ၏။ ခင်ခင်အေးက စကားတပြောပြောနှင့် တော်တော်သောက် လေ၏။

ဟိုတယ်သို့ ပြန်ကြတော့ ည ၁၀နာရီကျော်နေပြီ။ လမ်းက ရှင်းနေ၏။ ခြေလျင်လျှောက်ခါ ပြန်ခဲ့ကြတော့ လမင်းကြီးက ထိန်ထိန်သာနေ၏။

ခင်ခင်အေးက သူ့လက်မောင်းကို မှီတွဲရင်း ခပ်ဖြည်းဖြည်းလျှောက်လာရာမှ ခပ်တိုးတိုးပြော၏။

'ခင့်ကို အထင်သေးချင်လည်း သေးတော့ ကိုထွန်းရယ်. . .၊ ခင်ပြောချင်တယ်. . .'

'ပြောပါ ခင်ရဲ့၊ ဘာလို့ အထင်သေးရမှာလဲ. . .'

'ခင်အခုအချိန်မှာ အရမ်းအထီးကျန်နေတာ ကိုထွန်းသိတယ်မဟုတ်လား. . .'

'သိတာပေ့ါ. . .'

'အခု ခင်တို့ တခြားနိုင်ငံ၊ တခြားကမ္ဘာတခုမှာ ရောက်နေတယ်နော်. . .'

'ဟုတ်တယ် ခင်. . .'

'ခင့်အထီးကျန်ကမ္ဘာလေးထဲမှာ ကိုထွန်း ခဏလောက် လာနေပေးနိုင်မလားဟင်. . .'

သူ့ရင်မှာ ပူနွေးလာ၏။ ခင်ခင်အေးက ရှိုက်ငင်သလိုအသံမျိုးဖြင့် ခပ်တိုးတိုးဆက်ပြော၏။

'အို. . . ခင်၊ ပွင့်ပွင့်လင်းလင်းပဲ ပြောပါရစေနော်၊ သဘက်ခါ ရန်ကုန်ပြန်မရောက်ခင်အထိ ကိုထွန်းကို ခင့်ချစ်သူအဖြစ် ခင့်အနားမှာခေါ်ထားချင်တယ်ဆိုရင် ကိုထွန်း ခင့်ကို သိပ်အထင်သေးသွားမှာလားဟင်. . .'

သူ့လက်မောင်းကို ဆုပ်ထားသော ခင်ခင်အေး၏လက်ပေါ်သို့ သူ့လက်တဖက်ဖြင့် အုပ်ကိုင်ဆုပ်ညှစ်လိုက်ပြီး သူပြန်ပြောလိုက် ပါ၏။

'ဘာလို့ အထင်သေးရမှာလဲ ခင်ရယ်၊ ကျွန်တော်လည်း ခင့်ကို အဲလိုပဲ ပြောချင်တာ၊ ခင့်ကို စော်ကားမိသလိုဖြစ်မှာစိုးလို့ မနည်းစိတ်ထိန်းထားရတာပါဗျာ. . .'

ခင်ခင်အေးက လမ်းခုလတ်တွင် ရပ်လိုက်ပြီး မျက်နှာချင်းဆိုင်ကာ သူ့ကို ရွှန်းရွှန်းစားစားမော်ကြည့်၏။

'တကယ်ပြောတာလားရှင်. . .'

'တကယ်ပါ ခင်ရယ်၊ ညနေက ဓာတ်လှေခါးထဲက ထွက်လာတဲ့ ခင့်ကို မြင်လိုက်တော့ အသက်ရ-တောင် မှားသွားတယ်။ လှလိုက်တာ ခင်ရယ်၊ ချစ်စရာကောင်းလိုက်တာလို့ ပြောချင်လိုက်တာ။ မြင့်နိုင်မျက်နှာ. . .'

ထွန်းထွန်းစကားမဆုံးခင် ခင်ခင်အေးက သူ့လက်ကလေးဖြင့် ထွန်းထွန်း၏နှုတ်ခမ်းကို ပိတ်လိုက်ပါ၏။

'အဲဒါတွေ မပြောနဲ့တော့ ကိုရယ်၊ ဒီမှာ ခင်ရယ်၊ ကိုရယ်၊ ကိုရယ် ခင်ရယ် နှစ်ယောက်တည်းပဲ ရှိတယ်၊ ကျန်တဲ့သူတွေ ဘယ်သူမှ ဒီကမ္ဘာလေးထဲမှာ မရှိဘူး၊ ခင်နဲ့ ကို၊ ကိုနဲ့ခင်ပဲရှိချင်တယ်. . .'

ပြောပုံလေးကိုသဘောကျလွန်းသဖြင့် ခင်ခင်အေး၏ပုခုံးနှစ်ဖက်ကို ဆွဲယူလိုက်ပြီး အနှစ်နှစ်အလလက နမ်းချင်ခဲ့သော ခင်ခင် အေး၏ နှုတ်ခမ်းထူထူပြွပြွလေးကို တယုတယနမ်းစုပ်လိုက်မိရပါတော့၏။

'တခုတော့တောင်းပန်ပါရစေနော်. . .'

အနမ်းရှည်၏အဆုံးမှာ ခင်က ပြောလိုက်သဖြင့် သူ ခင့်ပါးလေးကို အုပ်ကိုင်ထားရင်းနှင့် ခင့်မျက်လုံးတောက်တောက်လေးတွေ ကို ငေးကြည့်လိုက်၏။

'ခင်ပြောတဲ့ကမ္ဘာလေးက ဒီ ဟောင်ကောင်မှာပဲနော်။ ဟောင်ကောင်မြေက လေယာဉ်ထွက်တာနဲ့ ကိုလည်း ကို့ကမ္ဘာထဲပြန် ရောက်သွားပြီ။ ခင်လည်း ခင့်ကမ္ဘာထဲ ပြန်ရောက်သွားပြီမို့ ခင်တို့နှစ်ယောက် အရင်ကလို မိတ်ဆွေတွေအဖြစ်ပဲ ရှိနေချင်တယ်။ ခင်ပြော တာ ကိုနားလည်ပေးနိုင်မလားဟင်. . .'

သူခေါင်းညိတ်၏။

ခင်က သူ့ရင်ခွင်ထဲသို့ တိုးဝင်လာရင်း ခပ်တိုးတိုးပြောနေပါသေး၏။

'ဒီမှာရှိနေတဲ့ ခင်တို့ကမ္ဘာလေးဟာ အိပ်မက်လေးတခုလို့ အောက်မေ့ပေးပါလို့ ခင် ကို့ကို ကြိုတောင်းပန်ထားမယ်နော်. . .'

'စိတ်ချပါ ခင်ရယ်၊ အားလုံး ခင့်စိတ်တိုင်းကျ ဖြစ်ရပါစေ့မယ်လို့ ကိုယ်ကတိပေးပါတယ်. . .'

ခင်က သူ့ကိုခပ်တင်းတင်းဖက်လိုက်ပါ၏။

၄။

အသက်၄၀ယောက်ျားတယောက်နှင့် အသက်၃၇နှစ်အရွယ်မိန်းမတယောက်၊ နှစ်ယောက်စလုံးက အိမ်ထောင်သယ်တွေဖြစ်၏။

သို့သော် ထိုနှစ်ယောက်မှာ အခုကျတော့ ဆယ်ကျော်သက်ချစ်သူရည်းစားများနှယ် ကယုကယင်ဖြစ်နေကြပါပြီ။

ဟိုတယ်ပြန်ရောက်တော့ ခင်ခင်အေး၏အခန်းသို့သူလိုက်သွားရ၏။ ခင်က သန့်စင်ခန်းသို့ဝင်နေချိန်မှာ သူက ခင်ခိုင်းထားခဲ့ သည့်အတိုင်း ခင့်အခန်းတွင်း ရေခဲသေတ္တာထဲမှာ အသင့်ရှိနေသော ရှန်ပိန်ပုလင်းကို ဖွင့်ကာ တခွက်ဖြည့်ထားလိုက်၏။ သန့်စင်ခန်းမှ ခင်ပြန်ထွက်လာသောအခါ ဖန်ခွက်ကို ခင့်ထံ လှမ်းပေးလိုက်တော့ ခင်ကခေါင်းရမ်း၏။ သူငုံပြီး နှုတ်ခမ်းချင်းတေ့ကာတိုက်မှသောက်မည်ဟုပြောသဖြင့် တငုံငုံကာ ချစ်မက်လှသော ခင့်နှုတ်ခမ်းထူထူလေးကိုထိကပ်ပြီးရှန်ပိန်အေးကိုခင့်ပါးစပ်ထဲပြောင်းထည့်ပေးလိုက်၏။ ခင်က သူ့လည်ပင်းကို အားပါးတရ ပြန်လည်သိုင်းဖက်ပြီးနောက်မှာတော့ မျက်နှာချင်းက ခွာလို့မရတော့ပါ။

လမ်းမှာနမ်းတုန်းက တယုတယနှင့် ဖွဖွသာသာဖြစ်ပေမယ့် အခန်းထဲက အနမ်းကျတော့ မွှတ်သိပ်ပြင်းပြလွန်းနေကြပြီ။ နှုတ် ခမ်းချင်း လျှာချင်းအတင်းတိုးထိပွတ်သပ်ကာ မက်မက်မောမောနမ်းလို့ပဲ မဝနိုင်။ သူကလည်း ခင်ခင်အေး၏ကိုယ်လုံးသွယ်သွယ်လျလျကို တအားဖက်ထားမိသလို ခင်ကလည်း သူ့ကို တအားပြန်ဖက်ထားလေ၏။

တကယ်တော့ ထိုနှုတ်ခမ်းများကို သူနမ်းချင်နေခဲ့သည်မှာ ၁၅နှစ်ကျော်ခဲ့ပြီ။ မြင့်နိုင်က သူနှင့်လက်ထပ်မည့်သူအဖြစ် မိတ် ဆက်ပေးခဲ့စဉ်အချိန်ကတည်းက ဆိုပါတော့။ ခင့်နှုတ်ခမ်းတွေက ပြည့်ပြည့်လေးတွေဖြစ်၏။ ထူသည်ဟုပင် ပြောလိုကပြောနိုင်သေး၏။ သို့သော် ထော်နေအောင်ထူသည်မဟုတ်ဘဲ လှပရုံ ပြည့်ပြည့်ဖောင်းဖောင်းလေးတွေသာဖြစ်၏။ နောက်ပြီး ခင့်ပါးစပ်လေးက ကျယ်ကျယ် လေး၊ သွားတက်ကလေးတွေပေါ်အောင် ပြုံးလိုက်သောအခါ အရမ်းလှသွားသော ခင့်နှုတ်ခမ်းတွေကို ထိုကတည်းက သူနမ်းချင်ခဲ့၏။

သို့သော် ပိုင်သူရှိနှင့်ပြီးဆိုတော့လည်း သူမေ့ဖျောက်ခဲ့ပါ၏။ နောက်ပိုင်း ခင်နှင့်ရင်းနှီးလာသောအခါတွင်မူ ထိုနှုတ်ခမ်းများက သူ့ကို ဖမ်းစားဆဲ။ ကလေးတယောက်ရအပြီးမှာတော့ ခင့်နှုတ်ခမ်းတင်မက ခင့်ကိုယ်လုံးကပါ သူ့ကို ဖမ်းစားလာလေတော့၏။ ကလေး နှစ်ယောက်ရအပြီးမှာတော့ ခင်က နှစ်သားမွေး၊ နှစ်သွေးလှလာသည်ဟုပင် သူထင်ခဲ့၏။ ခင့်ရင်သားများမှာ အပျိုတုန်းကထက် ဖွံ့ထွား လာသည်ကို သူသတိထားမိသလို ခင့်တင်ပါးတွေမှာလည်း အပျိုတုန်းကထက် ကားစွင့်တရစ်လာခဲ့သည်ကို သူကောင်းစွာသတိထားမိ ၏။ အမြင်ရိုင်းအောင်ထွားကြိုင်းလာခြင်းမျိုးမဟုတ်ဘဲ ကျဉ်သောခါးနှင့်လိုက်ဖက်သော အသားစိုင်များသာဖြစ်နေခဲ့၏။ ပြီးတော့ ခင်က ကစားသည်လားမသိ၊ ခင့်ဗိုက်သားမှာ ကလေးနှစ်ယောက်အမေဟု ဘယ်လိုမှ မထင်ရအောင် ချပ်ချပ်ရပ်ရပ်ရှိနေခဲ့သည်ကိုလည်း သူ သတိထားမိခဲ့၏။

ထိုအလှအပများကြောင့်လည်း သူသည် ခင်တို့ထံသို့ အရောက်အပေါက်နည်းသွားခဲ့ခြင်းလည်းဖြစ်၏။ ခင့်ကို မြင်လေတိုင်း ပေါ်ပေါက်လာတတ်သည့် လိုချင်တပ်မက်စိတ်များကို ထိန်းသိမ်းနေရသည်ကိုက သူ့အတွက် ပင်ပန်းဆင်းရဲလွန်းလှ၍လည်းဖြစ်၏။ ကိုယ်နှင့်မဆိုင် ခွင့်မပိုင် ဆွဲကိုင်ကြည့်ခွင့်မရှိမှတော့ မမြင်ရလေကောင်းလေဟုပင် သူအောက်မေ့ခဲ့၏။

အမှန်ကိုဝန်ခံရလျှင် သူ့အိပ်မက်တွေထဲမှာ ခင်မကြာခဏရှိခဲ့ဖူးပါ၏။ သို့ရာတွင် ပိုင်သူလည်းရှိပြီးဖြစ်သည့်အပြင် ခင်ကိုယ် တိုင်က အင်မတန်အိန္ဒြေကြီးသူ၊ အနေတည်သူ၊ အေးဆေးသူဖြစ်သည့်အတွက် အိပ်မက်သည် အိပ်မက်ဘဝတွင်သာ ရှိနေခဲ့ပါ၏။

ယခုတော့ ထို ခင်သည် သူ့ရင်ခွင်ထဲမှာ သူ့ကို သူ့လိုပင် မွတ်သိပ်စွာ တုံ့ပြန်နမ်းနေသော ခင်ဖြစ်နေပါပြီ။ အနှစ်နှစ်အလလ အောင်းထားခဲ့ရသော ဆန္ဒများ ပြည့်ဝတော့မည်ဖြစ်၍ သူရင်တွေခုန်နေ၏။

၅။

ခင်၏ချိုမြိန်မွတ်သိပ်လှသော အနမ်းရေယဉ်ကြောမှာ မည်မျှကြာအောင် မျောသွားမိသည်မသိ။ ခင့်ဘယ်လက်ကလေးက သူ့ အင်္ကျီကြယ်သီးများကိုစတင်ဖြုတ်နေသောအခါမှသာ သူသတိဝင်လာ၏။ သူ့လက်တို့ရှပ်အင်္ကျီကြယ်သီးများကို ကူဖြုတ်ပေးလိုက်၏။ နှုတ်ခမ်းချင်းကတော့ ခွာလို့မရနိုင်ကြ။

ကြယ်သီးတွေပြုတ်သွားသောအခါ ခင်က သူ့အင်္ကျီကို လက်နှစ်ဖက်နှင့်ချွတ်နေသဖြင့် သူကူကာချွတ်လိုက်၏။ လေအေးစက် တပ်ထားသောအခန်းထဲတွင် အနည်းငယ်အေးနေသော်လည်း သောက်ထားသောဝိုင်အရက်နှင့် တက်နေသော အချစ်ရှိန်ကြောင့်ကိုယ်ချွတ် ဗလာဖြစ်သွားသည့်တိုင် နေသာထိုင်သာပင်။

အင်္ကျီပြီးတော့ ခင့်လက်ကလေးနှစ်ဖက်က သူ့ခါးပတ်ကို ဖြည်နေပြန်ပါပြီ။ သူ ကူရပြန်ပါပြီ။

အမှန်က သူသည် မနူးမနပ်ကလေးလည်းမဟုတ်ပါ။ ဒီလိုကိစ္စမျိုးကို တဖက်ကမ်းခတ်ကျွမ်းကျင်သူသာဖြစ်ပါ၏။ သို့သော် ယခုတော့ ခင်က ဦးဆောင်သူဖြစ်နေပါပြီ။

ဘောင်းဘီကိုတော့ လူချင်းမခွာဘဲ ချွတ်လို့မရတော့ပေ။ ထို့ကြောင့် လူချင်းခွာကာ မတ်တတ်ရပ်ပြီး ခါးမှ ဘောင်းဘီရှည်ကို ချွတ်ချပြီး အနီးရှိ စာရေးစားပွဲမှ ကုလားထိုင်ပေါ်ပစ်တင်လိုက်၏။ ယခုအခါ သူ့ကိုယ်ပေါ်တွင် အတွင်းခံဘောင်းဘီတိုလေးသာကျန် တော့၏။

အတွင်းခံဘောင်းဘီ အသားရောင်လေးထဲတွင် ထိုးထိုးထောင်ထောင်နှင့်ဖုဖုဖောင်းဖောင်းဖြစ်နေသည်ကို ခင်က မျက်တောင် မခတ်ကြည့်ရင်း သူ့လက်ကလေးနှစ်ဖက်ဖြင့် ခါးတဖက်ဆီမှ ဆွဲကာ ထိုဘောင်းဘီလေးကို ခင်ကပင် ချွတ်ချလိုက်ပါတော့၏။ ချွတ် ချရင်းက ကြမ်းပေါ်သို့ ဆင်းလိုက်ပါ၏။ ခြေချင်းဝတ်သို့ရောက်သွားသော ဘောင်းဘီကို ခြေထောက်မှ ရုန်းအထွက်တွင် ဗိုက်နှင့်ထိ တော့မတတ် တောင်မတ်နေသော သူ့ရွှေပန်းကြီးက ခင့်မျက်နှာလှလှလေးကို တရမ်းရမ်းနှင့် သွားပွတ်နေချေသေး၏။

ဘောင်းဘီလေးကို ငုံ့ချွတ်နေရာမှ ဘောင်းဘီကျွတ်အသွားတွင် ခင်က မော့လိုက်ပြီး သူ့မျက်နှာနှင့် ကပ်နေသော ရွှေပန်းကြီး ကို နှာခေါင်းဖျားလေးဖြင့် ဖိကာဖိကာ တရှုတ်ရှုတ်နမ်းလိုက်ရာ သူ့ရင်မှာ ကြည်နူးခြင်းများအပြည့်ဖြင့် ဖြစ်သွားရပါ၏။ ရွှေပန်း တချောင်းလုံးကို အဖျားမှ အရင်းအထိ အနုစိပ်ကလေး နှာခေါင်းနှင့်ဖိကာနမ်းလိုက်ရုံတင်မက တွဲလောင်းကျနေသော ဥနှစ်လုံးကိုပါ ဘယ် လက်နှင့် ညင်ညင်သာသာလေး အုပ်ကိုင်ကာ တရှုတ်ရှုတ်နမ်းပြန်၏။

တဏှာရာဂတော့တဏှာရာဂပါ။ သို့သော် စုံမက်မြတ်နိုးမှုပါ တွဲဖက်ပါဝင်နေသော ထိုအပြုအမူလေးကြောင့် နှစ်ပေါင်းများစွာ ကတည်းက တိတ်တခိုးစွဲလန်းရသူ ခင့်အပေါ်တွင် သူ့အကြင်နာတွေက ယိုဖိတ်လျှံကျနေပါတော့၏။

ခင်က ဥအောက်ပိုင်းများကိုပါ နှာခေါင်းနှင့် ကျကျနန နမ်းပြီးတော့မှ လှပပြည့်တင်းကာ နှုတ်ခမ်းနီများမရှိတော့ပြီဖြစ်သည့် တိုင် ပန်းသွေးရောင်ဖြင့်ယှက်သမ်းဆဲ နှုတ်ခမ်းလေးဖြင့် သူ့ဒစ်ပန်းရောင်ကို ညင်ညင်သာသာလေး ပွတ်ခနဲနမ်းစုပ်လိုက်ပြန်ပါ၏။ ထို့ နောက်တွင်ကား ထိုနှုတ်ခမ်းလွှာများ ပွင့်အာသွားကာ သူ့လိင်တံကြီးကို ခင်တယောက် အငမ်းမရစုပ်နမ်းနေပါတော့၏။ နွေးထွေးသော ခင့်ခံတွင်းတင်မက သွက်လက်သော ခင့်လျှာလေးကပါ သူ့လိင်တံကို ကောင်းကောင်းကြီး အရသာပေးနေလေပြီ။

အိမ်ရှေ့ရှင်၊ ယဉ်ကျေးသိမ်မွေ့သူအဖြစ်သာ သူသိထားခဲ့သော ခင့်ထံမှ ထိုအပြုအစုကို ခံယူရသည့်အခါ ကြည်နူးခြင်းကအတိုင်း မသိအောင်ပင်ဖြစ်သွားရပါတော့၏။ ခင်သည် နေရာနှင့်နေရာ နေတတ်သော မိန်းမသားတဦးပေတကား။

ဘယ်မိန်းမမှ အဆုံးအထိ မငုံပေးနိုင်ခဲ့သော သူ့လိင်တံကြီးကို ခင်က အဆုံးအထိ ငုံလိုက်သောအခါတွင်ကား သူ့မှာ အသည်း ခိုက်အောင်ပင် အရသာ တွေ့ရလေပြီ။ ခင်က လိင်တံကြီးကို သူ့ခံတွင်းထဲသို့ တဆုံးသွင်း၊ တဆုံးထုတ်ကာ စုပ်ပေးနေ၏။ တော်တော် ကြီးကြာမှ တဝက်ခန့်ကို ငုံကာ လျှာကလေးဖြင့် ထိုးမွှေကလိပြန်၏။ ထို့နောက် ဒစ်ကြီးကို လျှာနှင့်ကလိ၏။ ထို့နောက် ညာလက်ဖြင့် လိင်တံ၊

ဘယ်လက်ဖြင့် ငွေးဥများကို ဖေးကိုင်ထားရင်း လိင်တံအောက်ပိုင်းကို လျှာနှင့်လျက်လိုက်၊ နှုတ်ခမ်းနှင့်စုပ်လိုက်လုပ်၏။ ငွေးဥ ကို ငုံကာခဲရင်း လျှာနှင့်လည်း မွှေ၏။ ပြီးတော့ လိင်တံကြီးကိုပဲ ဆတ်ခနဲစုပ်ယူပြန်၏။

သူ့မှာတော့ အရသာတွေ ရှိုပြီးရင်း ရှိုရင်း။ သူ့စိတ်ကူးအိပ်မက်တွေထဲမှာ ခင့်နှုတ်ခမ်းလွှာများအကြား သူ့လီးကို ထိုးထည့်ပြီး ခင်က စုပ်ပေးတာကို ခံကြည့်ခဲ့ဖူး၏။ ယခုတကယ်ခံရသောအခါတွင်တော့ စိတ်ကူးထဲကထက်တောင် ခင်ကကောင်းနေချေသေး၏။ ဖြူဝင်းသော ခင့်မျက်နှာနှင့် သူ့လိင်တံညိုမဲမဲကြီးကား လိုက်ပင် လိုက်ပေသေးတော့။ မျက်လုံးများ မှေးစင်းကာ အငမ်းမရစုပ်နေသော ခင့်မျက်နှာလေးမှာ ရမ္မက်ခိုးများဖြင့် ဝင်းပပြီး ခါတိုင်းထက် အဆများစွာပင် ပိုလှနေပေသေးတော့၏။

အတော်ကြီးကြာလာတော့ သူက ခင့်ကို ဆွဲထူလိုက်ရ၏။

'နားပါဦး ခင်ရယ်. . . '

ခင်က အလိုက်သင့်လေးပါလာသောအခါ ခင့်ခါးပေါ်မှ မီနီစကပ်ကို ပုခုံးနှစ်ဖက်မှ လျှောချကာ သူချွတ်လိုက်၏။ မိုးပြာ ရောင်စကပ်ကလေးက ကြမ်းပေါ်သို့ ပုံကျသွားသလို ခင့်ကိုယ်ပေါ်မှာက ဘာအဝတ်မှ မကျန်တော့။ စောစောက သန့်စင်ခန်းဝင်စဉ်က တည်းက ခင်က အတွင်းခံများကို ချွတ်ထားခဲ့ဟန်တူ၏။

ပြည့်တင်းလုံးဝန်းသော ခင့်ရင်နှစ်မွှာမှာ ပုံ့ပုံ့အိအိကလေး။ နို့သီးခေါင်းလေးများကလည်း ကလေးအမေ၊ အအိုမ မပီသစွာပင် ပန်းသွေးရောင်ဖြင့် တင့်တယ်နေ၏။ ကြည့်ရတာ နို့တင်းဆေးတွေ၊ နို့သီးပန်းရောင်ပေါက်ဆေးတွေ မှန်မှန်လိမ်းပြီး ထိန်းသိမ်းထားခဲ့ပုံ ပင်။

သူကြည့်နေဆဲမှာ ခင်က ချာခနဲလှည့်လိုက်ပြီး ခုတင်ဘေးစားပွဲငယ်ပေါ်မှ ဖန်ခွက်ကို ယူလိုက်ကာ သူ့ကိုပေးပြီး 'ခင့်ကိုတိုက် ပါဦး ကိုရယ်. . . 'ဟုပြော၏။

သူက ခင့်တကိုယ်လုံးကို ခြုံကြည့်ရင်း လှမ်းယူခိုက်မှာ ခင်ကမေး၏။

'ခင်က ကို့အတွက် လှရဲ့လားဟင်. . . '

'သိပ်လှတာပဲ ခင်. . . '

'ခင့်ကို သိပ်လှတယ်လို့ ကို အမြဲထင်တာပဲလားဟင်. . . '

'ဟင်. . . ၊ ဘာလို့မေးတာလဲခင်. . . '

'ကို ခင်နဲ့စသိတဲ့နေ့ကတည်းက ဒီနေ့အထိ ခင်နဲ့တွေ့တိုင်း ကို့မျက်လုံးတွေ တမျိုးဖြစ်ဖြစ်သွားတာ ခင်သတိထားမိတယ်။ ဘာမှန်းတော့မသိဘူး။ ညနေက ခင်ဓာတ်လှေကားထဲက ထွက်လာတော့ ကို့မျက်လုံးတွေလည်း အဲလိုပဲ။ ဒါပေမယ့် ဒီတခါကို့မျက်လုံး တွေ ပြောင်းသွားတာက ခါတိုင်းထက်ပိုကြာတယ်၊ အဲတော့ ခင်သိလိုက်တယ်၊ ကို့မျက်လုံးထဲမှာ ခင်တော်တော်လှနေတယ်လို့. . . '

'ခင်က အရမ်းပါးတာပဲနော်. . . '

'ဒါတော့ မိန်းမပဲကိုရယ်၊ ကိုယ့်ကိုကြည့်တဲ့မျက်လုံးတွေကို အဓိပ္ပာယ်ဖော်ချင်တာပေါ့. . . ။ ကို့အကြည့်တွေကို ခင်ကြိုက်တယ်။ ခင့်ကို မက်မောတာ၊ တွယ်တာတာ၊ မြတ်နိုးတာတွေပဲမြင်ရတယ်၊ စားမတတ်ဝါးမတတ်ကြည့်တာမျိုးမဟုတ်ဘူးလေ. . . '

'တော်သေးတာပေါ့. . . '

'ဒါပေမယ့် ယောက်ျားနဲ့မိန်းမဆိုတော့လည်း ချစ်ပြီဆိုရင် ချစ်တာတခုတည်းနဲ့တင်လည်း ပြီးမှာမဟုတ်ဘဲ ပေါင်းချင်သေး ညားချင်သေးတာလည်း သဘာဝပဲမဟုတ်လားကိုရယ်။ စကတည်းက ညားချင်တဲ့မျက်လုံးနဲ့ မဖြစ်ရင်ပြီးတာပဲ။ အခု ခင့်ကိုအဝတ်အစား မပါဘဲနဲ့ မြင်ရတော့ရော ခင်ကလှရဲ့လားကို. . . ။ အမှန်အတိုင်းပြောနော်. . . ခင် စိတ်မဆိုးဘူး. . . '

'သိပ်လှနေတာပါပဲ ခင်ရယ်. . . အမှန်အတိုင်းပြောတာပါ'

စကားအဆုံးမှာ သူက ဖန်ခွက်ကို အပြီးသတ်မော့လိုက်ရင်း တင်ပုံကို ပါးစပ်ထဲတွင် ချန်ထားလိုက်၏။ ခင်က သူ့ဆီသို့ တိုး ကပ်လာပြီး သူ့ပုခုံးကို သိုင်းဖက်လိုက်သည်မို့ ခင့်ကို ပြန်ထိန်းဖက်လိုက်ရင်း ခင့်ကျောဘက်က စားပွဲပုလေးပေါ်မှာ ဖန်ခွက်လွတ်ကို တင်လိုက်၏။

နှုတ်ခမ်းချင်းတွေ့ကာ ရှန်ပိန်အေးအေးကို ခင့်ခံတွင်းထဲသို့ ပြောင်းပေးလိုက်၏။ ခင်က သူ့လည်ပင်းကို တင်းတင်းကြပ်ကြပ် ပြန်ဖက်ရင်း ရှန်ပိန်ကိုစုပ်ယူလိုက်သလို သူ့နှုတ်ခမ်းများကိုလည်း နမ်းစုပ်လိုက်ပါ၏။

၆။
သူက ခင့်ကို အသာထိန်းရင်း ကုတင်ပေါ်သို့ အသာလှဲချလိုက်၏။ ခင့်ကိုယ်ပေါ်တွင် ကိုယ်တပိုင်း မှောက်ကာ ခင့်ကို တင်းကြပ်စွာဖက်ရင်း ခင့်နှုတ်ခမ်းတွေကို အငမ်းမရပင်ပြန်လည်စုပ်ယူနမ်းရှိုက်နေမိရပြန်၏။
တဆက်တည်းမှာပင် သူ့ညာလက်ကလည်း ခင့်ဘယ်ဘက်နို့အုံလေးကို စမ်းသပ်မိသွားရသေး၏။ မိမိခန္ဓာကိုယ်ကိုကောင်း မွန်စွာထိန်းသိမ်းထားသောကြောင့်ထင်ပါ၏။ ခင်၏နို့အုံမှာ အအိုတယောက်၏နို့အုံဟု ယူဆစရာ လုံးဝမရှိအောင် တင်းတင်းရင်းရင်း ရှိနေလေ၏။
နို့အုံကို ခပ်ဖွဖွဆုပ်နယ်ပွတ်သပ်ရာမှခင့်နို့သီးခေါင်းလေးကိုလက်ညှိုးလေးနှင့်ဖွဖွပွတ်လိုက်ရော ခင်တွန့်ခနဲဖြစ်သွားပြီး သူ့ကို ဖက်ထားသောလက်များမှာလည်းတင်းကြပ်လာပါ၏။ ထိုအခါ ခင့်နို့သီးလေးကို လက်ညှိုးနဲ့လက်မကြားမှာ လိမ့်ကစားနေလိုက်၏။ ထို့နောက် ခင့်ကိုယ်ပေါ်တွင် ကိုယ်တပိုင်းတင်ထားရာမှ နှုတ်ခမ်းချင်းမခွာဘဲ ဘေးသို့ စောင်းလှဲလိုက်ကာ ခင့်ကိုလည်း သူ့ဘက်အသာ လှည့်စောင်းရင်း ညာဘက်နို့သီးကို လက်မနှင့်လည်းကောင်း၊ ဘယ်ဘက်နို့သီးကို လက်သူကြွယ်နှင့်လည်းကောင်း ပွတ်သပ်ကစားနေမိရ ပြန်၏။ သူ့ညာလက်တဖက်တည်းနှင့် ခင့်နို့သီးခေါင်းလေးနှစ်လုံးစလုံးကို တပြိုင်နက်တို့ထိ ပွတ်သပ်လိုက်ခြင်းလည်းဖြစ်ပါ၏။
ခင်တယောက် ဖျတ်ဖျတ်လူးသွားရပါ၏။
အိမ်ထောင်သည်မိန်းမသားတယောက်အနေနှင့် ဒီလိုအတွေ့အကြုံမျိုးမှာ အဆန်းမဟုတ်သော်လည်း ကို့ကိုင်တွယ်ပွတ်သပ် နေပုံများကမူ ခင့်အတွက် အလွန်ထူးခြားနေပေ၏။ အို. . .  ကိုနမ်းပုံကိုက ဘယ်သူနဲ့မှ မတူပါဘူးလေ။ နို့သီးလေးများကို ကစားနေပုံက လည်း ခင့်အသည်းကို အပ်ကလေးနှင့် မနာအောင်ဆွပေးနေသလို တရွရွရှိလှပါ၏။
ခဏကြာတော့ သူက နှုတ်ခမ်းချင်းခွာလိုက်ပြီးခင့်ကို ပက်လက်လှန်လိုက်ပြန်ကာ ခင့်ဘယ်ဘက် နို့သီးခေါင်းလေးကို စို့နေ ပြန်ပါ၏။ သူ့ညာဘက်လက်ကလည်း ခင့်ဘယ်နို့အုံနှင့် နို့သီးကို တချိန်တည်းမှာ ဆုပ်နယ်ပွတ်သပ်နေသေး၏။
ခင့်ရင်ထဲတွင် ကြည်နူးမှု၊ သာယာမှုနှင့်အတူ ရာဂစိတ်များကလည်း ပိုမိုယိုဖိတ်လာရပါတော့၏။ ခင့်ကိုယ်ခင် သတိ မထားမိခင်မှာပင် ခင့်တင်ပါးများမှာ တချက်တချက်တွင် တွန့်ကာ၊ ကော့ကာဖြစ်နေရပါလေတော့၏။
ခဏနေတော့ သူက ဘယ်ဘက်နို့သီးလေးအား ပြောင်းစို့ပြန်၏။ သူ နို့စို့ပုံကလည်း အင်မတန်ထူးခြားလှ၏။ ခင့်နို့သီး လေးများ နာကျင်မှာ စိုးသည်ထင်၏၊ ဖွဖွသာသာလေး စို့နေခြင်းဖြစ်သလို သူ့လျှာလေးကလည်း ခင့်နို့သီးလေးကိုပွတ်သပ်ကစားနေသည် မှာ ညင်ညင်သာသာလေး။ တချက်တချက်တွင်တော့ ကြိတ်မနိုင်ခဲမရဖြစ်ပုံမျိုးနှင့် နို့သီးလေးကို သွားများဖြင့် ခပ်ဖွဖွခဲပြန်၏။ တတ်လည်း တတ်နိုင်တဲ့ကိုပါပဲ။
ခင့်ညာဘက်လက်ကလည်း ကို့လိင်တံကြီးကို ရှာဖွေကာ ခပ်တင်းတင်းဆုပ်ကိုင်ထားမိရပြန်၏။ ခင့်ဘဝတွင် တခါမှမလုပ်ဘူး သော အလုပ်များကို လုပ်နေခဲ့မိပါပြီ။ စောစောက ကို့လိင်တံကြီးကို နမ်းစုပ်မိခြင်းမှာလည်း ခင့်ဘဝတွင် ပထမဆုံးအကြိမ်ဖြစ်၏။ နိုင်ငံ ခြားမှ ဝင်လာသောအပြာကားများတွင် မြင်ဖူးသော်လည်း ခင်ကိုယ်တိုင်ကမူ တခါမှ စိတ်မကူးဖူးပါ။ ကို့လိင်တံကြီးကိုမြင်ရတော့ ခင့် စိတ်တွေကို ခင်မထိန်းနိုင်တော့ဘဲ တခါမှ မလုပ်ဖူးသောအလုပ်ကို လုပ်လိုက်ရပါ၏။ အိမ်ထောင်သည်၊ ကလေးအမေပင်ဖြစ်လင့်ကစား ခင့်မှာ လိင်တံကို နမ်းစုပ်ဖူးဖို့ ခင်းစွ၊ ယခု ကို့လိင်တံကြီးကို ကိုင်ဆုပ်သလိုပင် ခင့်လင်သား၏လိင်တံကို တခါမှ မကိုင်ဖူးပါ။
ယခု ကို့လိင်တံကို ကိုင်ဆုပ်မိသည်နှင့် ခင့်ရင်ထဲမှာ ခွန်အားသစ်တွေဖြင့် ပြည့်လာသလိုထင်ရ၏။ ထိုလိင်တံကြီးကိုလိုချင် မက်မောသောစိတ်ကလည်း ပြင်းပြသထက် ပြင်းပြလာပါတော့၏။
ထိုအချိန်တွင် သူ့ညာလက်ကလည်း ခင့်ပိုက်သားလေးကို စတင်ပွတ်သပ်၏။ ထို့နောက် ခင့်ဆီးခုံဖောင်းဖောင်းလေးကို ပွတ် သပ်ပြန်၏။ ဆီးခုံပေါ်က အမွေးများကြားတွင် လက်ချောင်းလေးများဖြင့် အသာအယာကုတ်ကာ ကစားလိုက်ရာ ခင့်မှာတင်ပါးများ ကော့တက်လာအောင်ပင်မရိုးမရွဖြစ်သွားရလေ၏။ ထို့နောက် ထိုလက်က ခင့်ဘယ်ဘက်ပေါင်တံပေါ် ရောက်သွားပြီး ဒူးဆစ်အထိ မထိတထိ ပွတ်သပ်သွားပြန်၏။

ဒူးဆစ်ရောက်သောအခါ သူ့လက်က ပေါင်အတွင်းပိုင်းသို့ ရောက်သွားပြီး ပေါင်ရင်းဆီ တရွရွရွေ့လာ ပြန်ရာ ခင့်ရင်တွေခုန်လာရပြန်၏။

ခင့်ပေါင်ခြံမှာ အရည်များဖြင့် ရွှဲနစ်နေပေါ၏။ သူ့လက်ချောင်းလေးများ ပေါင်ရင်းခွဆုံနှင့် နီးလာလေလေ၊ ခင့်ရင်တွေ ခုန်လာ လေလေပင်။ သို့သော် ထိုလက်ချောင်းများက ပေါင်ရင်းခွဆုံရောက်သွားသောအခါ ခင်ရင်ခုန်နေသော နေရာကို ကျော်လွှားပြီး ညာဘက် ပေါင်ခြံအတွင်းသားလေးများထံ တရွရွရောက်သွားပါတော့၏။ ခင့်မှာ မချင့်မရဲနှင့် အားမလိုအားမရတွေ ဖြစ်ကျန်ရစ်ကာ လက်တဖက် ဖြင့် ခင့်နို့ကိုစို့ပေးနေသော သူ့ခေါင်းကိုအတင်းဖက်လိုက်မိသလို ညာလက်ထဲမှ သူ့လိင်တံကြီးကိုလည်းတအားဆုပ်မိရပြန်၏။

သူ့လက်များက ကျွမ်းကျင်သော စန္ဒယားဆရာ၏လက်ချောင်းများနှယ်ပင်။ ခင့်ပေါင်တွင်းသားလေးများကို ရွရွလေး ပွတ်သပ် နေပေါ၏။ ကောင်းစွာ စိုရွှဲနေသော ခင့်ပေါင်ခြံခွဆုံမှာလည်း သူ့လက်က တဝဲဝဲတလည်လည်ပင်။ သို့ရာတွင် ခင်ထိစေ၊ ကိုင်စေချင်လှပြီ ဖြစ်သော ခင့်အင်္ဂါဇာတ်ကိုမူ လုံးဝမထိချေ။ ခင့်မှာတော့ ထိစေချင်လွန်းလှပြီမို့ တင်ပါးကို ကော့ကာ၊ ရမ်းကာဖြင့် သူ့လက်ရှိရာကို ခင့် အင်္ဂါဇာတ်ရောက်သွားအောင် အလိုလိုလှုပ်ရှားပေးနေမိရ၏။

ခင်ဘယ်လိုလှုပ်ရှားလှုပ်ရှား သူကမူ ခင့်အင်္ဂါဇာတ်ကို မထိအောင် လှည့်ပတ်ရှောင်နေသည်မို့ ခင်ဒူးတွေထောင်ကာ ပေါင်ကို ကားပေးမိရင်းက တင်ပါးများကို ပို၍ကော့ပေးမိရပြန်၏။ ထိုအခါ သူ့လက်ချောင်းလေးက ခင်ဘယ်လိုမှ ထင်မထားသော နေရာကို သွားစမ်းလေ၏။

ခင့်စအိုဝလေးကိုပင်ဖြစ်၏။

ခင်တခါမှ မခံစားဖူးသော အထိအတွေ့လည်းဖြစ်၏။ အူထဲအသည်းထဲတွင် တလှိုက်လှိုက်ယားယံလာအောင် သူမို့တတ်နိုင် လှပါ၏။

အံကြိတ်ထားသည့်ကြားမှ ခင့်နှုတ်ဖျားက ဟင့်ခနဲ ညည်းသံလေး စတင်ထွက်ပေါ်လာ၏။ တင်ပါးကိုလည်း မွေ့ယာပေါ်ပြန် ချပေးရ၏။ အင်္ဂါဇာတ်ကို ပွတ်ပေးပါတော့ ကိုရယ်၊ ခင့်အင်္ဂါဇာတ်ကို ကို့လက်နဲ့ပွတ်ပေးတာ ခင်ခံချင်လှပါပြီဟု စိတ်ထဲက တိုးတိုးလေး တောင်းပန်နေမိပါ၏။

သို့သော် သူ့လက်ချောင်းများက အင်္ဂါဇာတ်ကို ကျော်လွှားသွားပြန်ကာ ဆီးခုံအမွေးများကြားတွင် ကစားနေပြန်၏။ ခင်က တင်ပါးများကို ပြန်ကော့လိုက်ရပြန်၏။ သူက အင်္ဂါဇာတ်နှင့်ဘယ်ပေါင်ရင်းကြား အသားဆိုင်လေးများကို ပွတ်သပ်နေပြန်ရာ ခင်က ကော့ထားသော တင်ပါးကို ဘယ်ဘက်သို့ ရမ်းလိုက်ရပြန်၏။ ထိုအခါ သူ့လက်ချောင်းများက အင်္ဂါဇာတ်နှင့်ညာဘက်ပေါင်ရင်းကြား အသားဆိုင်များကို ပွတ်ပြန်၏။ ခင့်တင်ပါးတွေ ညာဘက်ကို စွေ့ခနဲရွေ့သွားရပြန်၏။

သိပ်ဆိုးတဲ့ကိုပါပဲကွယ်။

ခင်မခံမရပ်နိုင်လောက်အောင်ဖြစ်လာ၏။ ထို့ကြောင့် ခင့်ပေါင်ခြံတဝိုက်တွင် တရွရွလှုပ်နေသော သူ့လက်ကို ခင့်ဘယ်လက် နဲ့ ဆွဲယူပြီး ခင့်အင်္ဂါဇာတ်ပေါ်တင်ပေးလိုက်မိရတော့၏။ ခင်တခါမှ မလုပ်ဖူးသောအလုပ်ထဲတွင် ဒါလည်းပါပါ၏။

သို့သော် ကိုယ်တော်က ခင့်အင်္ဂါဇာတ်ကို မထိအောင် အုပ်ကိုင်ထားပြန်၏။ ခင့်ရင်ထဲမှာ မချင့်မရဲပိုပြီးဖြစ်လာရသဖြင့် ညာ လက်ထဲမှ သူ့လိင်တံကိုသာ ပိုမိုဆုပ်ညှစ်ဆွဲဆောင့်နေမိရတော့၏။

'ဟင့် . . . ကိုရယ် . . . 'ဟုလည်း နှုတ်မှ ညည်းညူမိရပြန်၏။

သူက နို့သီးပေါ်မှ နှုတ်ခမ်းကို ခွာလိုက်ပြီး ခင့်ဘယ်နို့အုံကို ဖွဖွလေး နမ်းစုပ်နေပြန်၏။ ထို့နောက် ခင့်ရင်နှစ်မွှာကြားကို နမ်းစုပ်ပြန်၏။ ဆီးစပ်ပေါ်မှ သူ့လက်ကလည်း တရွရွနှင့်၊ အင်္ဂါဇာတ်ကို မထိထိအောင် ခင်လှုပ်ရှားသမျှ ရှောင်ကွင်းကာ ခင့်ကို မရိုး မရွဖြစ်သထက်ဖြစ်လာအောင် တို့ထိကစားနေပြန်၏။

သူ့နှုတ်ခမ်းများက ရင်နှစ်မွှာကြားမှ တရွရွရွေ့သွားပြီး ခင့်ချက်ဆီရောက်သွားပြန်၏။ ချက်လေးကို လျှာလေးနှင့်မွှေလိုက် ပြန်သောအခါ ခင်မခံစားဖူးသော ယားယံမှုတမျိုးကို ခံစားရသည်မို့ ခင့်မှာ ဟင့်ခနဲညည်းရပြန်၏။

ထိုလျှာက ချက်အောက်ကို ဆင်းသွားပြီး ခင့်ဆီးခုံမွေးတွေကြားကို တိုးဝင်သွားပြီး ဆီးခုံကလေးကို လျှာနှင့်မွှေပြန်၏။ ခင့် မျက်လုံးထဲမှာ ခင်ကြည့်ဖူးထားသော အပြာကားတွေထဲမှ မြင်ကွင်းများ ပေါ်လာ၏။

မြန်မာအမျိုးသမီးတယောက်အနေနှင့်ဘယ်တော့မှ ရနိုင်လိမ့်မည်မဟုတ်ဟု ခင်ယုံကြည်ထားသော အတွေ့အကြုံတခုကို ခင်ခံစားရတော့မည်လား။ ခင့်ရင်မှာ တသိမ့်သိမ့်ခုန်လာရ၏။

သို့သော် ချစ်သောကို့ကို ထိုသို့မလုပ်စေချင်ပါ။ မခံစားဖူးသော အတွေ့အကြုံတခုကို ခင်ခံစားကြည့်ချင်လှသော်လည်း ကို့ကိုမူ ဘုန်းမနိမ့်စေချင်ပါ။ သူ့လျှာက ဆီးခုံကို မွှေနေသောကြောင့် မရိုးမရွတွေဖြစ်လာသည့်အတွက် ခင့်တင်ပါးတွေ ကော့ပေးနေမိသေးသော် လည်း လက်နှစ်ဖက်ဖြင့် သူ့ခေါင်းကို အတင်းဆွဲဖယ်ရင်း ခင်ပြောမိရပါပြီ။

'ဟင့်. . . မလုပ်ပါနဲ့ကိုရယ်၊ ကို့မှာ ဖုန်းနိမ့်မှာ ခင်စိုးရိမ်လို့ပါ. . .၊ မလုပ်ပါနဲ့နော်. . . '

သို့သော် ခင့်စကားမအောင်ပါ။ ပြောလိုက်မှ ပိုဆိုးသွားပါသေး၏။

ခင့်ဆီးခုံပေါ်မှ လျှာက ခင့်ပေါင်ခြံခွကြားလေးထဲသို့ ရောက်သွားပြန်၏။ အင်္ဂါဇာတ်နှင့် ညာဘက်ပေါင်ကြား အသားဆိုင် များတွင် ကပ်ပေနေသော ခင့်အချစ်ရည်များကို လျှာနှင့်လျက်နေပြန်၏။

'ဟင့်. . . မလုပ်ပါနဲ့ကိုရယ်. . . ခင်တောင်းပန်ပါတယ်ကိုရယ်. . . ကို ဖုန်းနိမ့်မှာစိုးလို့ပါဆို. . . ဟင့်. . . '

ခင့်လက်နှစ်ဖက်နဲ့ သူ့ခေါင်းကို အတင်းဆွဲဖယ်နေသော်လည်း သူကိုဘယ်လိုမှ ပြောလို့ ဖယ်လို့မရပါ။ သူက ခင့်အင်္ဂါဇာတ်ရဲ့ ဘယ်ဘက်အခြမ်းမှာရှိသောအရည်များကိုလည်း လျက်ယူနေပြန်၏။ ခင့်ရင်မှာ အားနာခြင်းနှင့်အတူ ကြည်နူးခြင်းများပါခံစားရ၏။ သူ ခင့်ကို တော်တော်ချစ်တာပဲဟုလည်း ခင်ခံစားရ၏။

ခင့်လို ကလေးအမေတယောက်၏အင်္ဂါဇာတ်မှ ထွက်သော အရည်များကို သူမရွံမရှာ လျက်နေသည်မဟုတ်ပါလား။ ခင် ကိုယ် တိုင်ကလည်း စောစောကပင် တခါမှ မလုပ်ဖူးသောအလုပ်ဖြစ်သည့် သူ့လိင်တံကို နမ်းစုပ်ပေးမိခဲ့သလို သူကလည်း ခင့်အင်္ဂါဇာတ်ကို နမ်းတော့မည်မှာ သေချာသလောက်ပင်။

သူကတော့ ထောင်ပြီးဖြဲထားသောခင့်ပေါင်နှစ်ချောင်းကြားခွဆုံမှ ခင့်အင်္ဂါဇာတ်ကို ကြည့်ကာ သဘောတွေကျနေပါ၏။ သူ အနှစ်နှစ်အလလကစိတ်ကူးနဲ့ရူးခဲ့ရသော၊ ခင်၏တကိုယ်လုံးမှ အဖိုးအတန်ဆုံးဖြစ်သောအရာက သူ့မျက်နှာနှင့်အနီးဆုံးကိုရောက်နေပါပြီ။ အရည်များရွှဲနစ်နေသော ခင့်အင်္ဂါဇာတ်မှနှုတ်ခမ်းသားမဲမဲထူထူလေးတွေက ပွင့်ချပ်လေးများနှယ် ဘေးနှစ်ဖက်သို့ပွင့်အာနေသဖြင့် အရည် တွေရွှဲနေသော အင်္ဂါဇာတ်ကွဲကြောင်း ပန်းရောင်လေး သူ့ကို ဖိတ်ခေါ်နေပါ၏။

သူက လက်နှစ်ဖက်ဖြင့် ခင့်ဒူးခေါက်ကွေးကိုကိုင်ပြီး ပေါင်နှစ်ချောင်းကို ဆွဲလှန်လိုက်သောအခါ အင်္ဂါဇာတ်မှထွက်နေသော အရည်များနစ်နေသည့် ခင့်စအိုဝလေးကို တွေ့လိုက်ရ၏။

သူ မထိန်းနိုင်တော့ပါ။ ဒူးခေါက်ကွေးကို ခင့်ဆီထပ်တွန်းလိုက်သောအခါ ခင့်တင်ပါးများ ပိုကော့လာပါ၏။ ထိုအခါ သူက ငုံ့လိုက်ပြီး ခင့် စအိုဝလေးကို လျှာနှင့်ထိုးမွှေလိုက်မိရပါတော့၏။

'အို. . . ကိုရယ်. . .၊ မလုပ်ပါနဲ့ဆိုကွယ်. . . ဟင့်. . . '

အားနာခြင်းနှင့်အတူ ခင့်ရင်မှာ အလွန်ပင်ကြည်နူးသွားရပါ၏။ သူခင့်စအိုဝလေးကို လျှာနှင့်လျက်နေသည်ဟူသောအသိက ပင် ခင့်ကို အရမ်းကြည်နူးစေပါ၏။ ချစ်လျှင်အကျိုး၊ မြတ်နိုးတော့ သဒ္ဒါဆိုသော စကားရှိသည်ပင်။ သူခင့်ကို မည်မျှချစ်ကြောင်း၊ မည်မျှ မြတ်နိုးကြောင်း၊ မည်မျှသဒ္ဒါကြောင်း ခင့်စအိုဝကို သူ့လျှာဖျားလေးနှင့် မရွံမရှာ လျက်ပေးနေခြင်းကပင်သက်သေထူပြီးဖြစ်နေပါ လေပြီ။

တော်ပါသေးရဲ့. . .။ အခန်းသို့ပြန်ရောက်ရောက်ချင်း သန့်စင်ခန်းသို့ဝင်ကာ ထိုနေရာများကို ဆပ်ပြာမွှေးမွှေးနှင့် အားပါးတရ ဆေးထားခဲ့မိလို့သာ တော်တော့၏။ မဟုတ်လျှင် ခင် သူ့ကို ဒီ့ထက်အားနာမိနေရဦးမည်။

ခင် သူ့ကို မတားတော့ပါ။ ခင့်စအိုဝကို လျှာနှင့်ထိပြီးမှတော့ ကျန်တာတွေလည်း သူ့စိတ်တိုင်းကျလုပ်ပါစေတော့။ ခင်ကိုယ် တိုင်ကလည်း မခံစားဖူးသောအရသာကို ခံစားချင်လှပါပြီ။ စအိုဝလေးကို လျှာဖျားလေးနှင့်မွှေနှောက်ရုံတင်မက စအိုထဲသို့ပင်လျှာထိပ် ကလေးကို ထိုးသွင်းလိုက်ပြန်ရာ ခင့်မှာ ကာမဆန္ဒတွေ ပိုမိုထကြွလာရပါတော့၏။

'ဟင့်. . . ဟင့်. . . တော်ပါတော့ ကိုရယ်. . . 'ဟုသာ ညည်းမိရပါတော့၏။

သူက ခင့်ဒူးခေါက်ကွေးကို လက်နှစ်ဖက်နှင့်တွန်းထားခြင်းကို ဖယ်ရှားလိုက်သောအခါ ခင်က ခြေထောက်များကို ဒူးထောင် လျက်အတိုင်း ပြန်ချလိုက်ပါ၏။ တင်ပါးကိုလည်း မွေ့ယာပေါ် အသာပြန်ချပြီး ပေါင်များကို ဖြဲကာ ဖွင့်ပေးလိုက်မိရပါ၏။ ခင့်အင်္ဂါ ဇာတ်ကို သူ့အတွက် အဆင်သင့်ပြင်ပေးလိုက်ခြင်းဖြစ်၏။

သို့သော် သူက ခင့်အင်္ဂါဇာတ်ကို မထိဘဲ ဆီးခုံကိုသာ လျှာနှင့်ထိုးမွှေနေပြန်၏။ ခင့်တင်ပါးများ ပြန်လည်ကော့တက်လာရ ပြန်၏။ ထိုအခါသူ့လျှာလေးက ခင့်စအိုဝလေးကို ထိုးမွှေပြန်၏။ ခင့်တင်ပါးများ မွေ့ယာပေါ်ပြန်ကျလာရပြန်ပြီ။ ထိုအခါ သူကခင့်
အင်္ဂါဇာတ်ညာဘက်ဘေးကပေါင်ခွကြားလေးကိုလျှာနှင့်မွှေပြန်၏။
ခင့်တင်ပါးများညာဘက်သို့ရွှေ့ပြီးသူ့လျှာရှိရာသို့အင်္ဂါဇာတ်ကိုလိုက် ရွှေ့ပေးနေမိရ၏။

ခင်က ညာဘက်ရွှေ့လျှင် သူ့လျှာက ခင့်ဘယ်ပေါင်ခြံမှာ၊ ခင်က ဘယ်ဘက်ရွှေ့လျှင် သူ့လျှာက ခင့်ညာပေါင်ခြံမှာ၊ ခင်က တင်ပါးကို ကော့ပေးလိုက်မိလျှင် သူ့လျှာက ခင့်စအိုဝမှာ၊ ခင်က တင်ပါးများချပေးလျှင် သူ့လျှာက ခင့်ဆီးခုံမှာ။ အင်္ဂါဇာတ်နားမှာ သူ့ လျှာက ဝဲနေသော်လည်း အင်္ဂါဇာတ်ကို ထိပဲမထိတော့။ ခင့်မှာ မချင့်မရဲဖြစ်သည်ထက်ဖြစ်လာသည်နှင့်အတူ ခင့်အင်္ဂါဇာတ်ထဲမှာလည်း တခါမျှ မခံစားဖူးသော ယားယံမှု၊ ကိုက်ခဲမှုတမျိုးကို သိသိသာသာခံစားလာရ၏။ ထို့အတူ အရည်တွေလည်း ပိုမိုရွှဲလာပြီမှန်း ခင် ကိုယ်တိုင်ပင် သတိထားမိလာရ၏။

သိပ်ကို တတ်နိုင်တဲ့ကိုရယ်ကွယ်။

တဟင့်ဟင့်၊ တအင့်အင့်ညည်းသံလေးများကို နာခံကာ ခင့်အား အပျိုမလေးတယောက်အား
ဓ-းသလိုဓ-းနေပါ၏။

ခင်တချက်ကော့အတက်မှာ ခင့်တင်ပါးကားကားတင်းတင်းများအောက် လက်လျှိုပြီး တင်ပါးနှစ်လုံးကို ဆုပ်ကိုင်ကာ ခင့် စအိုဝကို လျှာနှင့်ထိုးမွှေလိုက်ပြန်ရာခင့်မှာ မခံမရပ်နိုင်လောက်အောင်ပင် မချင့်မရဲဖြစ်ရပြန်ပါပြီ။ တင်ပါးကို ပြန်ချပြီး သူ့လျှာရှိရာသို့ အင်္ဂါဇာတ်ကို ထိုးပေးမိပြန်သောအခါတွင်မှ သူက ပူလောင်ပြင်းပြနေသော ခင့်အင်္ဂါဇာတ်ကွဲကြောင်းထဲသို့ လျှာကို ထိုးသွင်းလိုက်ပါ တော့၏။

ခင့်ရင်မှာ ကျေနပ်ခြင်း၊ ကြည်နူးခြင်း၊ ပီတိ၊ ရာဂ၊ အမျိုးစုံသော ခံစားမှုများဖြင့်ပြည့်လျှမ်းသွားရသလို ခင့်တင်ပါးများက လည်း ကော့တက်နေပါတော့၏။

'အို. . . ကိုရယ်. . . ဟင့်. . . ဟင့်. . . အို. . . အဟင့်. . . '

ခင့်ကိုယ်ခင် သတိမထားမိခင်မှာ ခင့်လက်နှစ်ဖက်က သူ့ခေါင်းကို ပေါင်ခြံထဲသို့အတင်းဆွဲယူ
ဖိကပ်ထားမိနေပါ၏။

ခင့်နှုတ်ခမ်းကို၊ ခင့်နို့သီးလေးများကို ခင့်တကိုယ်လုံးကို ကျင်လည်စွာနမ်းစုပ်ခဲ့သော
နှုတ်ခမ်းနှင့်လျှာသည် ယခုအခါ ခင့် အင်္ဂါဇာတ်ကိုလည်း ထိုနည်းအတိုင်း ကျွမ်းကျင်စွာ နမ်းစုပ်နေပါလေပြီ။

ခင်ထင်မှတ်ထားသည်ထက် အဆများစွာ ထူးကဲကောင်းမွန်သော အရသာဖြစ်ပါ၏။ သူ့လျှာသည် ခင့်ကွဲကြောင်းထဲသို့ တဆုံးတိုးဝင်မွှေနှောက်နေ၏။ ရွှဲနစ်နေသော ခင့်အရည်များကို
အားပါးတရလျက်ယူနေ၏။

အတန်ကြာသောအခါ ခင့်တင်ပါးများ မွေ့ယာပေါ်သို့ပြန်ကျလာပြီး သူ့ခေါင်းကို ဆွဲဖိထားသော ခင့်လက်နှစ်ဖက်ကလည်း လျော့သွားလေ၏။ ထိုအခါ သူ့လျှာလေးက ခင့်ကွဲကြောင်းလေးထဲမှ ထွက်သွားပြီး ကွဲကြောင်းထိပ်ရှိ အစိလေးကို ထိုးမွှေနေပြန်ပါ တော့၏။

'ဟင့်. . . ကိုရယ်. . . အဟင့်ဟင့်. . . ဟင့်ဟင့်. . . . '

ခင့်အစိကို ခင့်လင်တော်မောင်က လက်ချောင်းနှင့် ပွတ်သပ်ပေးတတ်ပါ၏။ ယခု ကို့လျှာလေးက လက်ချောင်းထက်အဆ များစွာနူးညံ့လှသလို မထိတထိ ကလိကစားနေသည်ကလည်း
လင်တော်မောင်လက်နှင့်ပွတ်သပ်သည်ထက် ခင့်ရာဂအရှိန်ကိုအဆများစွာ ပိုတက်လာစေပါ၏။

ထိုအချိန်တွင် သူ့ညာလက်က ခင့်ဘယ်ဘက်နို့သီးခေါင်းလေးထံရောက်ရှိလာပြန်ကာ
သူ့လက်ညိုးလက်မကြားတွင် နို့သီးလေး ကို လိမ့်ကစားနေပြန်၏။ ဘယ်လက်၏လက်ချောင်းလေးတချောင်းက ခင့်ကွဲကြောင်းအဝလေးတွင် တဆတ်ဆတ်လှုပ်ရှားနေ၏။ နောက်လက်ချောင်းလေးတချောင်းက
ခင့်စအိုဝလေးတွင် လှုပ်ရှားနေပြန်၏။

သူ့လျှာလေးကလည်း ခင့်အစိလေးကို ဘယ်လိုလေးမှန်းမသိ တို့ထိနေသည်မှာ
သွက်လက်မြန်ဆန်လွန်းလှ၏။

'အဟင့်. . . ကိုရယ်. . . အဟင့်. . . ဟင့်. . . '

သူ့လက်ချောင်းနှစ်ချောင်းက ခင့်ကွဲကြောင်းထဲကို တိုးဝင်သွားပြန်ပြီ။ ထို့နောက် ခင့်အင်္ဂါဇာတ်အတွင်းဖက် အပေါ်ပိုင်းမှ တနေရာကို ဖိနေ၏။

ကိုဘာတွေလုပ်နေတာပါလိမ့်ဟု တွေးနေဆဲမှာ ခင့်အင်္ဂါဇာတ်ထဲမှ တမျိုးဖြစ်လာ၏။ ခင်ဆီးသွားချင်သလိုလို ဘာလိုလို ဖြစ်လာ၏။

ခင်ချက်ချင်းသတိရလိုက်၏။ ခင်ဖတ်ဖူးသော ခန္ဓာဗေဒစာအုပ်တွေထဲမှာပါသည့်နေရာကို သူစမ်းသပ်လိုက်တာပဲ။ ဂျီစပေါ့ ဟုခေါ်သောနေရာ။ ထိုနေရာကို ထိလျှင် ဆီးသွားချင်သလိုလိုဖြစ်လာတတ်သည်ဟုရေးထားသည်ကိုလည်း ခင်ဖတ်ဖူး၏။ တကယ်တော့ လည်း ဆီးကထွက်မည်မဟုတ်ပါတဲ့။ သို့သော် ထိုနေရာကို ကစားပေးလျှင် အစိကိုထိကစားသဖြင့်ပြီးသောအရသာထက်အဆပေါင်း များစွာ သာလွန်ကောင်းမွန်သော ပြီးခြင်းကို ခံစားရသည်ဟုဖတ်ဖူး၏။

မည်သူကမျှလည်း ခင့်ထိုနေရာကို မစမ်းဖူးခဲ့။ ခင်ကလည်း ဖတ်တုန်းကသာ ဖတ်လိုက်သည် အမှုမဲ့အမှတ်မဲ့။ အခုတော့ ကိုက ခင့်ဂျီစပေါ့ကို စမ်းသပ်တို့ထိနေပါပြီ။

ကို့ကိုတော့ ခင်လန့်သွားရပါပြီ။ ကိုဟာ တော်တော်မိန်းမကျွမ်းကြေသူပါပဲ။ တဆက်တည်းမှာပင် အရမ်းလည်းကျေနပ်သွားရ ပါပြီ။ ကို့ကို မရှက်မကြောက်ဖိတ်ခေါ်ခဲ့မိသည့် ကိုယ့်ကိုယ်ကိုလည်း အလွန်ကျေနပ်သွား၏။ ကိုက ဤမျှ ကျွမ်းကျင်နေသည့်အတွက် ခင့်မှာ စွန့်စားရကျိုးနပ်ရုံတင်မက အတိုင်းထက်အလွန်ပင်ဖြစ်နေပါ၏။ ထို့အပြင် ကိုက ခင့်ကို ရာဂတမျိုးတည်းဖြင့်မဟုတ်ဘဲ ချစ်မြတ်နိုးစိတ်အပြည့်ဖြင့် ယုယုယယဆောင်ရွက်ပေးနေသည်မို့ ခင့်မှာလည်း ရာဂစိတ်အပြင် ကြည်နူးပီတိများကိုပါ ခံစားနေရပါ၏။ ကို့ လုပ်ပုံကိုင်ပုံအရ ကိုသည် ခင့်လင်တော်မောင်လို ဒီလိုကိစ္စမျိုးမှာ တလမ်းသွားသမားဟုတ်ဟန်မတူပါ။ ခင့်လင်တော်မောင်ကတော့ သူ့ အတွက်သူသာ အဓိကထားပြီး ခင်က အရုပ်တရုပ်လို နေပေးမှ ကျေနပ်တတ်သူဖြစ်၏။

ကိုကတော့ ခင့်မှာ ဆန္ဒတွေပြင်းလာအောင် မျိုးစုံန-းသည်၊ ထို့နောက် ခင့်အာသာကို ပြေပျောက်အောင် ကြိုးစား၏။ ခင့်မှာ အရသာထူးတွေ ခံစားရအောင် လုပ်ပေးနေသည်မို့ ခင့်ကို ဦးစားပေးနေသည်မှာ ထင်ရှားနေပါ၏။ ထိုအတွက်လည်း ခင့်ရင်မှာပိုကြည် နူးရပါ၏။

'အဟင့်. . . ကိုရယ်. . . ဟင့်. . . ဟင့်. . . အို. . . . ကို. . . ခင်သေတော့မယ်. . . . ခင်သေတော့မယ်. . . အာ. . . အ. . . အ. . .'

သူက ခင့်ဂျီစပေါ့ကို ခပ်ဖိဖိလေးနှိပ်ကစားနေရင်း ကို့လျှာကလည်း ခင့်အစိကို တရစပ်ကလိနေတော့ရာ ၅မိနစ်ခန့်အကြာတွင် မူ ခင့်ရင်ပတ်ထဲမှာ မီးတောင်တခုပေါက်ကွဲသလိုဖြစ်သွားရပါတော့၏။

ခင့်လင်တော်မောင်က ခင့်အစိကို လက်နှင့်ကစားကာ ခင့်ကို ပြီးစေတတ်ပါ၏။ ထို့ကြောင့် ခင် မကြာခဏ ပြီးဖူးပါ၏။ သို့သော် ယခုပြီးရပုံမှာ အရင်ကပြီးဖူးသောအရသာများနှင့် ဘာမှ မဆိုင်ပါ။ ခင့်တကိုယ်လုံး ပွင့်ထွက်သွားသလို၊ ခင့်အင်္ဂါဇာတ်ထဲမှာ လောင်မြိုက်ပေါက်ကွဲသွားသလို၊ ခင့်အရည်တွေပဲ ဒလဟောပန်းထွက်ကုန်သလို ပြင်းထန်လွန်းလှ၏။

ခင့်တင်ပါးကြီးများ ကော့ပျံလျက် ရမ်းခါနေသည်မှာ ငလျင်လှုပ်နေသည့်အတိုင်းပင်။ ခင့်မှာတော့ သတိလစ်သလိုပင်ဖြစ်နေပါ ၏။ ခင်သတိထားမိချိန်မှာ သူက ခင့်ပေါင်နှစ်ချောင်းကြားမှာ နေရာယူပြီး သူ့လိင်တံကို ခင့်ကွဲကြောင်းဝမှာ အသာတေ့နေပါပြီ။ ခင် ရင်ခုန်လာ၏။

၇။

ခင့်လင်သားမဟုတ်သည့် သူစိမ်းယောက်ျားတယောက်က ခင့်ကို သားမယားအဖြစ် ပေါင်းသင်းတော့မည့်အချိန်ဖြစ်ပါ၏။ ခင့်ရင်ထဲမှာ နာကျင်လာ၏။ မယားကို သူများတိုင်းပြည်တွင် တဦးတည်းထားရစ်ကာ စီးပွားရေးနောက် ကောက်ကောက်ပါအောင် လိုက်သွားသော လင်သားကို စိတ်နာခြင်းက နောင်တရချင်သလိုလို၊ ငြင်းပယ်လိုက်ချင်သလိုလိုဖြစ်နေသော ခင့်စိတ်ကို ချက်ချင်းပြောင်း လဲသွားစေပါ၏။

ထို့အပြင် ခင့်ကိုယုယသော၊ ခင့်ကို မြတ်နိုးသော၊ ခင့်ကို ဂရုစိုက်သော ချစ်သူကို၏အယုအယကိုလည်း ခင်ကတောင့်တလှပါ ပြီ။ ခင့်အင်္ဂါဇာတ်ထဲမှ ပြီးနေသောအရှိန်ကလည်း အဝတွင်ရောက်နေသော သူ့လိင်တံကို အထဲသို့ မြန်မြန်သွင်းပေးလိုက်စေချင်လာ အောင် လှုံ့ဆော်နေပါ၏။

သူက ခင့်ကိုယ်ပေါ် မှောက်ချလိုက်ကာ ခင့်နံစောင်းနှစ်ဖက်မှာ လက်ထောက်ပြီး သူ့လိင်တံကို ခင့်ကွဲကြောင်းထဲသို့အသာအယာ ထိုးသွင်းလိုက်ပါ၏။ သူ့လိင်တံကပဲ ကြီးလွန်းနေသလားမသိ၊ တော်တော်ခက်ခက်ခဲခဲသွင်းယူနေရ၏။ ခင်လိုချင်နေပါတယ် ဆိုမှနော်။ သူက ခါးကိုနဲ့ကာ ဖြည်းဖြည်းချင်း ချော့သွင်းယူရာ တဝက်ခန့် ဝင်လာပါ၏။ ခင့်အင်္ဂါဇာတ်တခုလုံးမှာ သူ့လိင်တံဖြင့်အပြည့်အသိပ် ဖြစ်နေသည်မို့ ခင့်မှာအရသာရှိလှ၏။ ထိုတဝက်ဖြင့်ပင် သူက ဖြည်းဖြည်းမှန်မှန်လေး ညှောင့်နေပါသေး၏။

လင်တော်မောင်နှင့် မတူတာကတော့ အမှန်ပင်ဖြစ်၏။ ကိုက ခင့်ကို အလွန်ညှာ၏။ ခင်နာမှာကို စိုးရိမ်ဟန်ဖြင့် ညင်ညင် သာသာညှောင့်နေရင်းက ဖြည်းဖြည်းချင်း တိုးတိုးပြီး သွင်းသွားသည်မှာ နောက်ဆုံးတွင် ခင့်သားအိမ်ကို သူ့လိင်တံထိပ်ဖြင့်ပုတ်ခတ်လာ သည်အထိဖြစ်၏။

'ဟင့်. . . ဟင့်. . . ကိုရယ်. . . အဟင့်. . . '

ခင် အရမ်းအရသာတွေ့နေပါပြီ။ ခင့်အိမ်ထောင်သက် ၁၅နှစ်လုံးလုံးမှာ လင်တော်မောင်ပြုသမျှ နှခဲ့စဉ်ကအတော်ကောင်းသည် ဟု ထင်ထားခဲ့သမျှ ကိုနှင့်ကျမှ တက်တက်စင်လွဲနေပါတော့၏။ ကို့လှုပ်ရှားမှုမှာ အချက်တိုင်း ခင့်အတွက် ထိထိမိမိရှိလှသလို ပြီးနေ သော အရှိန်ကိုလည်း ပြန်မကျစေဘဲ ဆက်တိုက် တင်ပေးနေသလိုသာဖြစ်နေပါ၏။

ခင့်ကိုယ်ခင်သတိမထားမိခင် အပေါ်က သူ့ဆောင့်ချက်နှင့်အညီ ခင်ကလည်း တင်ပါးများကို ကော့ပေးနေမိရပါတော့၏။ သူကလည်း တဖြည်းဖြည်းချင်း မြန်သွက်လာ၏။ ထိုအခါ ခင်က ပေါင်နှစ်ချောင်းကို လက်နှစ်ဖက်နှင့်ဆွဲလှန်ပေးမိရပြန်ပါ၏။

'ဟင့်. . . ဟင့်. . . ကိုရယ်. . . ခင့်ကို အားမနာနဲ့နော်. . . အခုဆို ခင်က ကို့မယားဖြစ်နေပြီနော်၊ ဟင့်. . .၊ ကို့မယားဆိုတော့ ကို့စိတ်တိုင်းကျနော်. . . အင့်. . . အဟင့်. . . '

သူက ခင့်ကို ပြုံးပြလိုက်ပြီး ခင့်လက်ပင်းအောက်ကိုလက်လျှိုသိုင်းဖက်ပြီး ခင့်နှုတ်ခမ်းတွေကို အငမ်းမရစုပ်နမ်းရင်းက ဆောင့် ချက်ကလည်း ပိုသွက် ပိုကြမ်းလာပါတော့၏။ ခင်ကလည်း သူ့ကို အတင်းပြန်ဖက်ရင်း သူ့အနမ်းကို တုံ့ပြန်နေမိပါ၏။

တချက်တွင် သူ့ဆောင့်ချက်က ခင့်အသည်းကို ခိုက်သွားသဖြင့် ခင့်မျက်နှာလေးရှုံ့မဲ့သွားပါ၏။

သူက နှုတ်ခမ်းကို ဆတ်ခနဲခွာလိုက်သဖြင့် မှေးစင်းနေသော ခင့်မျက်လုံးများပွင့်လာရပါ၏။

'နာလို့လား ခင်. . . '

ခင် သူ့ကိုသိပ်ချစ်သွားရပါပြီ။

ခေါင်းကို ခပ်သွက်သွက်ရမ်းကာ သူ့ကို တင်းတင်းဖက်ရင်း ဖြေလိုက်၏။

'ကိုရယ်. . . ခင့်ကို ညှာမနေပါနဲ့ကွယ်။ ခင်ပြောပြီးသားပဲ၊ ခင်ကို့မယားဖြစ်နေပါပြီလို့၊ ကို့စိတ်တိုင်းကျလုပ်ပါကိုရယ်။ ခင် နာရင်ပြောမှာပေါ့. . .။ စောစောက ခင်အသည်းခိုက်သွားလို့ပါ။ ခင့်ကို အသည်းခိုက်အောင် ကိုမို့တတ်နိုင်တယ်'

'ခင် သဘောကျလား. . . '

ခင်နှုတ်နှင့်မဖြေဘဲ ခေါင်းကိုသာ ညိတ်ပြလိုက်မိရပါတော့၏။

သူကခဏရပ်လိုက်ပြီး ထောင်ထားသော ခင့်ဒူးနှစ်ဖက်ကို သူ့ပုံခုံးနှစ်ဖက်ပေါ်တွင် ထမ်းလိုက်ပြီး ခင့်ကိုယ်ပေါ် မှောက်ချလိုက် ၏။ ဒါကတော့ ခင့်လင်တော်မောင်လည်း တခါတရံလုပ်တတ်သော အနေအထားပါပဲ။

သို့သော် သူဖိလိုက်သည်ကတော့ ခင့်လင်တော်မောင်နှင့်မတူတော့ပါ။ သူ့လိင်တံကပဲ ပိုရှည်လို့လားတော့ ခင်မသိ။ ခင့်သား အိမ်ကို ပိုပြီး ထိမိနေသလို ဆီးခုံချင်းအထိမှာ သူ့ဆီးခုံက ခင့်အစိကိုပါ တင်းခနဲဖြစ်သွားအောင် လုပ်ပေးလိုက်နိုင်လေ၏။

မတူပုံက ထိုသို့လိင်တံကို ခင့်အင်္ဂါဇာတ်ထဲ အဆုံးအထိထိုးသွင်းထားပြီး လုံးဝပြန်မထုတ်ဘဲ ဖိလိုက်ခွာလိုက်လုပ်ခြင်းဖြစ် ၏။ လိင်တံကြီးတချောင်းလုံး၏အရသာကို ခင့်အင်္ဂါဇာတ်အတွင်းသားများကမိမိရရခံစားနေရသလိုခင့်သားအိမ်ခေါင်းမှာလည်း လိင်တံ

ထိပ်နှင့်ပွတ်သပ်နှိပ်နယ်ပေးနေသလိုဖြစ်နေသည်မှာ ထူးခြားလှ၏။ ထိုမျှမကသေး ခင့်အစိလေးကိုပါ တင်းခနဲတင်းခနဲဖြစ်သွားအောင် လုပ်ပေးနေသလိုဖြစ်နေပြန်ရာ ခင့်မှာ ကိုနှင့်ကျမှ အရသာပြည့်စုံတော့သလိုပင်။

ခင့်မှာတော့ အင့်ခနဲ၊ ဟင့်ခနဲပေ့ါ။ ရင်ကလည်း တုန်လှ၏။ အသည်းကလည်း ခိုက်လှ၏။

ထိုနည်းအတိုင်း ကြာလာတော့ သူက ခင့်ကိုယ်ပေါ်မှ အသာကြွကာ ခင့်ဒူးခေါက်ကွေးကို ထိုးလှန်ထားရင်းက သူကမူ ဒူး ထောက်လျက်အနေအထားဖြင့် ခပ်သွက်သွက်ခပ်မြန်မြန် အသွင်းအထုတ်လုပ်ပြန်၏။ ရင်တလှပ်လှပ်ဖြစ်ရပြန်ပြီ။

ခဏနေပြန်တော့ ဒူးထောက်လျက်မှ ဆောင့်ကြောင့်ထိုင်ကာ ခင့်ပုခုံးကို လက်နှစ်ဖက်ဖြင့် လှမ်းဆွဲပြီး တချက်ချင်း ပြင်း ပြင်းကြီးဆောင့်ပြန်၏။

ခင့်မှာ အင့်ခနဲဖြစ်ကာ မျက်နှာလေးရှုံ့သွားရပြန်၏။

ထိုအခါ သူက တဆုံးထိုးသွင်းထားရင်း နားလိုက်ပြန်ပြီး ခင့်ကိုလှမ်းကြည့်သဖြင့် ခင်ခပ်သွက်သွက်ပြောလိုက်ရပြန်၏။

'ကိုတယောက်က ခက်နေပြီကွယ်. . . ခင် ဘာမှမဖြစ်ပါဘူး။ အရမ်းထိတော့ ခင်အသည်းခိုက်လို့ ညည်းမိ၊ မဲ့မိတာပါ ကိုရယ်၊ မရပ်နဲ့နော်. . .'

ဖြစ်နိုင်လျှင် လင်တော်မောင် မြင်စမ်းစေချင်၏။ မိန်းမတယောက်ကို ညှာတာ၊ စာနာတတ်သော ကို့ကိုတော့ ခင်သိပ်ချစ်နေမိ ရပါပြီ။

သူက ဆောင့်ကြောင့်ထိုင်ရင်းက ခပ်ပြင်းပြင်းခပ်သွက်သွက်ဆောင့်နေပြန်တော့ရာ ခင့်မှာ တအင့်အင့် တဟင့်ဟင့်နှင့် အရှိန် တွေ ပိုတက်လာရပြန်ပါ၏။

သူက လုပ်နေရင်းက တမျိုးထပ်ကဲလာပြန်၏။ ထောင်ထားရသောခြေထောက်နှစ်ချောင်းအနက်မှ ညာဘက် ခြေမလေးကို ငုံကာစုပ်လိုက်ခြင်းပင်ဖြစ်၏။ ခင့်အသည်းနှလုံးတွေ၊ ကလီစာတွေကို သိမ်းကြုံးပြီး ဆုပ်နယ်လိုက်သလိုပင်။ ရင်ထဲမှာ ကြည်နူးရခြင်း နှင့်အတူ အူထဲမှာ လှိုက်ခနဲဖြစ်နေရပြီး ခင့်အင်္ဂါဇာတ်မှာလည်း ကြုံ့သွားကာ တိုးဝင်နေသော သူ့လိင်တံကြီးကို ဆုပ်ညှစ်ပေးနေသလိုပင် ဖြစ်နေတော့၏။

သူက ခင့်ခြေမလေးကို ငုံစုပ်ကာ လျှာနှင့်မွှေလိုက်၊ ခြေမနှင့်ခြေညိုးကြားကို လျှာနှင့်ကလိလိုက်၊ ဖနောင့်လေးကို မနာအောင် သွားနှင့်ခဲရင်း လျှာနှင့်မွှေလိုက်လုပ်ရင်းက သူ့လိင်တံကြီးကိုလည်း ခင့်အင်္ဂါဇာတ်ထဲသို့ ပြင်းပြင်းကြမ်းကြမ်းကြီးဆောင့်နေသည်မှာ တော် တော်နှင့်မရပ်တော့ပါ။ သူဆောင့်လိုက်တိုင်း သူ့ဥနှစ်လုံးကလည်း ခင့်တင်ပါးကြားထဲကို ရိုက်ခတ်နေပြန်တော့ရာ ခင့်မှာအရသာပေါင်းစုံ ကို ခံစားရင်း အသက်ကို ဘယ်လိုရှ-ရမှန်းပင်မသိတော့။

ဟင်. . . ခင်ပြီးခါနီးနေပြန်ပြီလား. . .

သတိထားမိသည့်အချိန်တွင် သူ့ဆောင့်ချက်က ထိမိလွန်းသောကြောင့် ခင့်မှာ စောစောကတင်ပြီးခဲ့သောအရှိန်ကမကုန်နိုင် သည့်အပြင် ပြန်တက်လာသည်ကို သိလိုက်ရပါ၏။ မဖြစ်ဖူးတာတွေ တကယ်ဖြစ်ကုန်ပြီပဲ။

'အို. . . ဟင့်. . . ကိုရယ်. . . မရပ်လိုက်နဲ့နော်. . . ခင် ကလိုင်းမက်စ် ရောက်ခါနီးလာပြန်ပြီ. . . ဟင့်. . . ကိုရယ်. . . ဟင့်. . .'

ခင့်ကိုယ်ခင်သတိမထားမိတာတွေက များနေပြီ။ ခုလည်း ခင်ပြီးတော့မည့်အကြောင်း သူ့ကို ပြောမိလိုက်ရပြန်၏။ သူက ခင့် စကားကြောင့်ထင်သည် ဆောင့်ချက်က ပိုမိုထိမိလာ၏။ ခင့်အင်္ဂါဇာတ်အပေါ်ပိုင်းကို မိမိရရပွတ်တိုက်ပြီး လိင်တံ တချောင်းလုံးကို ဆွဲ ထုတ်၊ တချောင်းလုံးကို ဆောင့်သွင်းနေသည့်အတွက် ခင့်အစိလေးကိုရော၊ သားအိမ်ခေါင်းကိုရော၊ ဂျီစပေ့ါ့ပါမကျန် အချက်တိုင်း ထိ နေသဖြင့် ခင်အရှိန်တက်လာသည်မှာလည်း မဆန်းပေ။

'အို. . . ကိုရယ်. . . အိုင်(မ်) ကမ်းမင်း၊ အိုင်(မ်) ကမ်းမင်း. . . အို. . . ဟင့်. . . အင့်. . . အစ်. . . အစ်. . . အင့်ဟင့်ဟင့်. . .'

ခင့်နှုတ်မှ တခါမှမထွက်ဖူးသော စကားတွေ ထွက်ကုန်ပါပြီ။ ခင်ပြီးတာကို ပြောလိုက်မိခြင်းပင်ဖြစ်၏။ မြန်မာလိုမပြောရဲ သဖြင့် အင်္ဂလိပ်လိုပင်ပြောလိုက်သည်ဖြစ်လည်း ခင်ပြီးပြီဟု ပြောလိုက်ခြင်းသာပင်။

ခုတချီပြီးရသည့်မှာလည်း စောစောကထက်မလျော့ ပါချေ။ ပေါက်ကွဲပွင့်ထွက်ရသော ပြီးခြင်းမျိုးသာဖြစ်သဖြင့် ခင့်မှာ အလွန်ပင် အားရလှ၏။

ခင်ပြီးနေမှန်းသိသော်လည်း သူက မနားတမ်းပင် ဆက်ညှောင့်ပေးနေပြန်ရာ ခင့်မှာ ပြီးသည့်အရှိန်က မသေနိုင်တော့ပါ။ သူ ကား အင်မတန်လုပ်နိုင်သူဖြစ်ပေ၏။ လုံးဝအရှိန်မလျော့ပဲ သွက်သွက်ပြင်းပြင်းကြီးပင် ဆက်တိုက်ဆောင့်နေပေတော့ရာ ၃-၄မိနစ်ခန့် အကြာတွင် ခင်ကိုယ်တိုင်က တောင်းပန်ယူရပါတော့၏။

'ဟင့်. . . ခဏလောက် နားပါဦး ကိုရယ်. . . ခင် မောလှပြီကွယ်. . . ဟင့်. . . '

ထိုသို့ဆိုခါမှ သူက ဆောင့်ကြောင့်အနေအထားမှ ပြင်လိုက်ပြီး စုပ်နေသော ခင့်ခြေထောက်ကလေးကို လွှတ်ပေးလိုက်သလို ခင့်ဒူးခေါက်ကွေးကို တွန်းထားသော သူ့လက်နှစ်ဖက်ကိုလည်း ဖယ်လိုက်၏။ ပြီးတော့ ခင့်အင်္ဂါဇာတ်ထဲသို့ သူ့လိင်တံကိုတဆုံးဆောင့် သွင်းကာ ခင့်ကိုယ်ပေါ် မှောက်ချလာ၏။

ခင်က သူ့ကို ဆီးကြိုဖက်လိုက်မိသလို သူ့ခြေထောက်များကို ခင့်ခြေထောက်များနှင့်ပါချိတ်တွယ်ရင်း ခင့်တင်ပါးကို ကော့ လိုက်မိရာ လိင်တံကြီး၏အရသာကို ထပ်မံခံစားရပြန်သဖြင့် ခင့်မှ တင်ပါးတွေ တဆတ်ဆတ်ခါနေရပါသေး၏။

သူက ခင့်လည်တိုင်၊ ခင့်ပါးပြင်၊ ခင့်နားသယ်၊ ခင့်နားရွက်များကို တို့ထိနမ်းနေပြန်သေး၏။

ခင်က သူ့ကို တင်းတင်းကြပ်ကြပ်ဖက်ထားရင်း သူ့အနမ်းများကြားမှာ အသက်ရှ-မှန်အောင် မနည်းကြိုးစားနေရ၏။

၈။

တကယ်တော့ ခင့်ဘဝတလျှောက်လုံးတွင် လိင်တံဟူ၍ လင်တော်မောင်၏လိင်တံနှင့် ကို့လိင်တံနှစ်ခုကိုသာ ခံစားဖူးပါ၏။ အိမ်ထောင်သက် ၁၅နှစ်ကျော်မိန်းမသားတယောက်အနေနှင့်တော့ ယောကျ်ားနှင့်အိပ်သည့်အတွေ့အကြုံကတော့ မနည်းတော့ပါ။ သို့ရာ တွင် ယခုကဲ့သို့ အချိန်တနာရီလောက်အတွင်းတွင် နှစ်ခါတိတိပြီးရသည့်အဖြစ်မျိုးကိုတော့ ခင်မကြုံဖူးပါ။ ကို့အစွမ်းတွေပင် ဖြစ်ပါလိမ့် မည်။

ခင်က နှစ်ခါပြီးပေမယ့် ခင့်အင်္ဂါဇာတ်ထဲမှ သူ့လိင်တံကြီးကတော့ သံချောင်းကြီးလို မာနေဆဲပင်ဖြစ်ပါ၏။ ဒီတိုင်းထည့်ထား ပြီး ငြိမ်ငြိမ်လေးနေသည့်ကြားကပင် ကို့လိင်တံက ခင့်အင်္ဂါဇာတ်ထဲမှာ အပြည့်အသိပ်ဖြစ်နေပြီး ခင့်ကိုအရသာရှိနေပါစေသေး၏။

အသက်ရှ-နည်းနည်းမှန်လာတော့ သူ့ပါးကို ခင်ရွှတ်ခနဲနမ်းမိရင်းက ခပ်တိုးတိုးပြောမိရ၏။

'ချစ်လိုက်တာ ကိုရယ်၊ ကို့ကို ခင်သိပ်ချစ်တယ်. . . '

သူက ခင့်မျက်လုံးတွေထဲကို စိုက်ကြည့်နေ၏။

'တသက်လုံး ဘယ်ယောကျ်ားကိုမှ မချစ်ဖူးတဲ့အချစ်နဲ့ ခင် ကို့ကိုချစ်တယ်ဆိုရင် ကိုယုံမလားဟင်. . . '

သူ မျက်ရည်ဝိုင်းသွား၏။ သူ့မျက်နှာမှာလည်း ပီတိတွေ၊ ကြည်နူးမှုတွေနှင့်ပင်။

'ယုံပါတယ် ခင်ရယ်၊ ကိုယ်ကတော့ လွန်ခဲ့တဲ့၁၅နှစ် ခင့်ကို စမြင်ဖူးတဲ့နေ့ကတည်းက ချစ်ခဲ့တယ်ဆိုရင်ရောခင်ယုံမလား. . . '

ခင်ခေါင်းညိတ်လိုက်ပါ၏။

'ယုံတာတင်မဟုတ်ဘူး၊ ခင့်ရင်ထဲမှာပါ ခံစားရလို့ ဒီနေ့ဒီအခြေအနေတွေအထိ အရှက်မရှိ လမ်းဖွင့်ပေးခဲ့တာပေါ့ကိုရယ်. . . '

'ကျေးဇူးတင်ပါတယ် ခင်ရယ်. . . '

သူ့စကားမဆုံးခင်မှာပင် ခုတင်ဘေးစားပွဲပေါ်မှ တယ်လီဖုန်းက မြည်လာ၏။ နှစ်ယောက်စလုံး ဆတ်ခနဲလှုပ်ရှားသွားကြ၏။

'ကိုမြင့်နိုင်ဆက်တာနဲ့ တူတယ်. . . '

ခင် တည်တည်ငြိမ်ငြိမ်ပင်ပြောလိုက်တော့ သူက ခင့်ကိုယ်ပေါ်မှ လူးလဲကာထလိုက်၏။ ခင်မက်မောသော သူ့လိင်တံကြီးက လည်း ခင့်အင်္ဂါဇာတ်ထဲမှ ထွက်သွားလေပြီ။

သူ့ကိုရှောင်ကာ ကိုယ်ကို လှိမ့်လိုက်ပြီး ဘေးစားပွဲပေါ်မှ တယ်လီဖုန်း ၃ကြိမ်မြောက်ထပ်အမြည်မှာ ကောက်ကိုင်ကာ ထူး လိုက်ပါ၏။

ခင် ထင်သည့်အတိုင်း လင်တော်မောင်ပင်ဖြစ်နေ၏။ ခင့်ကို စိတ်မချလို့ ဖုန်းဆက်တာဆိုပဲ။ ခင်အလိုက်အထိုက်ပင် ပြန် ပြောနေလိုက်၏။

ခင့်စိတ်က ကိုမြင့်နိုင်ဆီမှာ မနည်းစိုက်နေရ၏။ သိပ်ဆိုးတဲ့ကိုက ခင့်ကို ကောင်းကောင်းနှောင့်ယှက်နေသောကြောင့်ပင်။

ခုတင်ပေါ်မှာ မှောက်လျက်ကလေး စကားပြောနေသော ခင့်ကို ခါးမှ ဆွဲထူလိုက်သဖြင့် မှောက်လျက်အနေအထားမှဒူးထောက် လျက်သားဖြစ်သွား၏။ ထိုအခါ ကိုက ခင့်အင်္ဂါဇာတ်ကို နောက်မှ လျှာနှင့်ထိုးမွှေနေပြန်၏။ မရှိဘူးလားကိုရယ်လို့ ပြောလိုက်လျှင် ဖုန်းကိုင်ထားသော တဖက်က ကာမပိုင်လင်ယောကျ်ား မတ်တတ်ကြီး အသက်ထွက်သွားမလားမသိ။

ဟော. . . ခင့်စအိုဝလေးကို လျှာနှင့်ထိုးနေပြန်ပါပြီ။ ကိုကလည်းနော်. . .

လင်တော်မောင် ကိုမြင့်နိုင်ကလည်း အခုမှပင် စကားတွေ ဖောင်နေသေး၏။ ထိုင်ဝမ်လေဆိပ်အကြောင်း၊ ထိုင်ဝမ်ဟိုတယ် အကြောင်း စီကာပတ်ကုံးပြောပြနေ၏။

ကိုကတော့ ခင့်အင်္ဂါဇာတ်ကိုပြန်ပြီး သည်းသည်းမည်းမည်း လျက်ပေးနေပြန်၏။ ကို့လျှာလေးက ပေးနေသော တလှပ်လှပ် အရသာကို ခင်ခံစားနေရသော်လည်း ကိုမြင့်နိုင်ကိုမူ အလိုက်သင့်စကားထောက်ခြင်းက မပျက်။

ခဏနေတော့ ခင့်အင်္ဂါဇာတ်ကို သူမလျက်တော့။

ကိုမြင့်နိုင်က ခင်အိပ်ချင်ပြီလားလို့ မေးတော့ မအိပ်ချင်သေးပါဘူး ကိုနိုင်ဟု ပြန်ဖြေလိုက်ရ၏။ ထိုအချိန်မှာပင် သူ့လိင်တံ ကြီးက ဒူးထောက်ကာ ကုန်းလျက်သားလေးဖြစ်နေသော ခင့်အင်္ဂါဇာတ်ထဲသို့တိုးဝင်လာ၏။ ကိုမြင့်နိုင်က. . .

'ကိုထွန်းထွန်းကရော ခင့်ကို ဂရုစိုက်ရဲ့လား. . .'

'အင်း. . . စိုက်ပါတယ် ကိုနိုင်ရဲ့. . .'

သူ့လိင်တံကြီးတောင် အခု ခင့်အင်္ဂါဇာတ်ထဲကို စိုက်နေတယ်လေဟု ခင့်စိတ်ထဲမှ ပြောလိုက်သောစကားကိုမူ ကိုမြင့်နိုင်မည် သည့်အခါမှ ကြားရလိမ့်မည်မဟုတ်ပေ။

ကိုမြင့်နိုင်က စကားပြောမိလျှင် တော်တော်နှင့်မရပ်တော့ပေ။

ကိုကလည်း နောက်မှနေပြီး ခင့်တင်ပါးကြီးနှစ်ဖက်ကို ဆုပ်ကိုင်အားပြုကာ ညင်ညင်သာသာလေး အသွင်းအထုတ်လုပ်နေလေ တော့၏။ ထုတ်သည့်အချိန်တွင်အရသာရှိသည်မှတပါး သိပ်မသိသာလှသော်လည်း သွင်းလိုက်သောအချိန်တွင်မူ ခင့်သားအိမ်ခေါင်းကို မိမိရရတိုးတိုက်နေတော့ရာ ခင့်မှာ ဟင့်ခနဲ၊ အင့်ခနဲ ညည်းချင်စိတ်ကို မနည်းမျိုသိပ်နေရ၏။

တဖက်က လင်ကြီးကို စကားပြောရင်း တဖက်က လင်ငယ်နှင့်ကာမစပ်ယှက်နေသည်ဟူသောအသိကြောင့် ခင့်စိတ်တွေ ပိုမို လှုပ်ရှားလာသလို ရာဂကလည်း ပိုကြွလာပါ၏။ ငယ်ငယ်တုန်းက ဆရာမ စာသင်နေခိုက် ဇီးထုပ်ခိုးစားနေတုန်း ဆရာမက လှမ်းကြည့် လိုက်တော့ ငြိမ်ပြီးနေစဉ် လျှာဖျားကအရသာက ပိုစိမ့်နေသလိုမျိုးပင်။

ယခုလည်း ကိုမြင့်နိုင်ကို အလိုက်သင့်စကားပြန်နေရင်း အင်္ဂါဇာတ်ထဲသို့ ညင်သာစွာတိုးဝင်နေသော ကို့လိင်တံ၏အရသာက စောစောကထက်တောင် ပိုကောင်းနေသလား ထင်ရ၏။

၁၀မိနစ်ခန့်ကြာတော့မှ ကိုရွှေမြင့်နိုင်က ဖုန်းချတော့၏။ ခင်လည်း ဖုန်းကို ပြန်ချလိုက်တော့ သူက လိင်တံကိုခင့်အင်္ဂါဇာတ် ထဲ ထိုးစိုက်ထားကာ ငြိမ်နေလိုက်၏။

'ကိုက သိပ်ကဲတာပဲကွယ်. . .၊ ခင့်မှာ အသံမထွက်မိအောင် လျှာကို ကိုက်ထားရတယ်၊ သိလား. . .'

ခင်က သူ့ကို ချွဲလိုက်မိရပါ၏။

'အဲလိုဆိုလည်း ရှန်းပါလား ခင်ရဲ့. . .'

ခင်က သူ့ကို လည်ပြန်လှည့်ကြည့်ကာ မျက်စောင်းထိုးလိုက်ရင်း 'ကို့ကို သနားလို့ မရှန်းတာ. . .'ဟုပြန်ပြောလိုက်၏။

'ဘာကို သနားတာလဲခင်ရဲ့. . .'

'ခင့်ယောကျ်ား ဖုန်းဆက်တဲ့အချိန်မှာ ကိုက ဘေးဖယ်ပေးရတယ်ဆိုတဲ့အဖြစ်မျိုး မဖြစ်စေချင်လို့ ကို့ကိုအလိုလိုက်တာလေ. . .'

'ခင် စိတ်ဆိုးသွားလားဟင်. . . '

'ဘာလို့ဆိုးရမှာလဲ ကိုရယ်. . . ကို ခင့်ကိုသိပ်ချစ်တာ ခင်ခံစားရတာပဲ ရှိတယ်. . . နောက်တခုက ငယ်ငယ်တုန်းက ဆရာမ လှမ်းကြည့်နေတုန်း ဇီးသီးခိုးစားရသလိုမျိုး၊ ပိုချိုသလိုပဲ ကိုရ. . . သိလား. . . '

သူရယ်လိုက်ပြီး ခင့်အင်္ကျီဇာတ်ထဲမှ သူ့လိင်တံကို ဆွဲထုတ်လိုက်၏။

'ခင် အဲဒီ့အတိုင်း ဒူးလေးထောက်ပြီး ဒီနားမှာ လာနေပေးနော်. . . '

သူက ခုတင်အောက်မှာ ဆင်းရပ်ကာ ခင့်ကို ကုတင်စောင်းမှာ ဒူးထောက်ခိုင်းလိုက်ခြင်းဖြစ်၏။ ခင့်အရည်များဖြင့်စိုရွှဲကာ ပြောင်လက်နေသော သူ့လိင်တံငေါက်တောက်ကြီးကို ကြည့်ကာ ခင့်ရာဂစိတ်များ ပြန်လည်ထကြွလာရပြန်၏။

သူခိုင်းသည့်အတိုင်း ခုတင်စောင်းမှာ ဒူးထောက်ပြီး မျက်နှာကို မွေ့ယာပေါ် အပ်ချလိုက်တော့ သူက ခင့်အင်္ကျီဇာတ်ထဲသို့ သူ့ လိင်တံကို ထိုးသွင်းလိုက်ပြန်၏။ ပထမတချက်နှစ်ချက်က သိပ်အဝင်မချောသေး။ ၃ချက်၄ချက်လောက်တွင် အဝင်ချောသွားသောအခါ တွင်မူ ခင့်တင်ပါးနှစ်ဖက်ကို ခပ်တင်းတင်းဆုပ်ကာ ခပ်ကြမ်းကြမ်းဆောင့်ပါတော့၏။

သူ့လိင်တံ၏အရသာက အခုမှ ပြည့်ပြည့်ဝဝဖြစ်သွားသလိုပင်။ အချက်တိုင်းသည် သားအိမ်ခေါင်းကို ပြင်းပြင်းထန်ထန်ထိုး ဆောင့်နေသလို အင်္ကျီဇာတ်တခုလုံးကိုလည်း ပွတ်တိုက်နေပေတော့၏။ စောစောက အသည်းခိုက်တာထက်ပင် အဆများစွာပိုခိုက်နေတော့ သည်မှာလည်း အမှန်ပင်ဖြစ်ပါတော့၏။

ဒါကတော့ ခင့်လင်တော်မောင် ဒီပုံစံမျိုးလုပ်လျှင်လည်း ခံစားရမြဲအရသာမျိုးသာဖြစ်သည်ကို ခင်အမှတ်ရ၏။ အလွန်ထိသော နည်းပါပဲ။ ကို့လိင်တံက ပိုတုတ်၊ ပိုရှည်သလားတော့မသိ၊ လင်တော်မောင်ထက် ပိုထိနေသည်ကိုလည်း ခင်သိ၏။

ခင့်စိတ်ကို သူသိသွားသလားမသိ။

တချက်တွင် သူ့လိင်တံကြီးကို ခင့်အင်္ကျီဇာတ်ထဲ မညှာမတာထိုးဆောင့်လိုက်ရာ ခင့်မှာ အင့်ခနဲနေရပြန်ပြီ။ သို့သော် ဒီတခါ တွင် ပြန်ဆွဲမချွတ်တော့ဘဲ သူ့ဆီးခုံနှင့်ခင့်တင်ပါးကို ဖိကပ်ထားရင်းက သွက်သွက်ကြီးညှောင့်နေပါလေတော့၏။

'အို. . . ကိုရယ်. . . ဟင့်. . . ဟင့်. . . '

ခင့်လင်တော်မောင်မလုပ်ဖူးသော အလုပ်ကို သူလုပ်လိုက်ပြန်ပြီ။ လိင်တံကို အဆုံးထိုးသွင်းထားကာ ကပ်ညှောင့်သောအခါ ခင့်သားအိမ်ခေါင်းကို အဆက်မပြတ် ပွတ်တိုက်ကစားသလိုမျိုးမို့ အရမ်းထိနေပါတော့၏။ ထို့အပြင် သူက ဘယ်လိုများလုပ်နေသည် မသိ သားအိမ်ခေါင်းကို တနေရာတည်းမှာ ပွတ်ဆောင့်နေသည်မျိုးမဟုတ်ဘဲ နေရာအနှံ့ဝိုက်ကာ တို့ကာ ထိနေသဖြင့် ထူးကဲလှ၏။

အိပ်ယာခင်းကို လက်နှင့်တင်းတင်းဆုပ်မိရသည်အထိ ခင့်မှာ အရသာထူး၏ ကောင်းမွန်မှုကို တဟင့်ဟင့်ခံစားနေရပါ၏။ သူကလည်း ခင်ကောင်းနေမှန်းသိသည်ထင်၏။ တချက်ပြီးတချက်ပိုပြင်းလာသလို သူ့လိင်တံကလည်း ကြာလေ၊ မာလေ၊ ကြီးလေ၊ ရှည်လည်ဟုပင် ခင်ထင်လာရအောင် ကောင်းသထက်ကောင်းနေပါတော့၏။

ကာမအရသာကို ကိုနဲ့ကျမှပင် ခင့်မှာ တင်းပြည့်ကျပ်ပြည့်ခံစားဖူးတော့သည်ဟု ဆိုရမလိုပင်ဖြစ်၏။

'ဟင့်ဟင့်. . . ကိုရယ်. . . ' 'အင့်. . . အဟင့်' အစရှိသော ခင့်ချစ်စဖွယ် ညည်းညူသံလေးများ၊ ကျေနပ်သံလေးများက တခန်းလုံးတွင် နာပျော်ဖွယ် အဆက်မပြတ်ထွက်ပေါ်နေလေ၏။

ထိုအတိုင်း ၁၅မိနစ်ခန့်ကြာလာသောအခါ ခင်မခံနိုင်ပြန်တော့ပါ။

'ခဏနားပါရစေဦး ကိုရယ်. . . ခင် အသက်ရ-ပါရစေဦးရှင်. . . ဟင့်. . . '

အဲတော့လည်း စောစောက ကိုမြင့်နိုင်နှင့်ဖုန်းပြောနေတုန်းကလိုပင် ကိုက သူ့လိင်တံကို အသာဆွဲထုတ်၊ အသာထိုးသွင်း ပေးကာ ခင့်ကို နားစေပါ၏။ ခင့်ရင်မှာ တငြိမ့်ငြိမ့်ဖြစ်ရပြန်ပြီ။

အမောပြေတော့ သူ့ကို ခင်ပြောမိရ၏။

'ကို ပြီးချင်ရင် ခင့်ထဲမှာပဲပြီးလို့ရတယ်နော်၊ ခင် သားကြောဖြတ်ထားတယ်. . . '

သူက လိင်တံကို အပြီးထုတ်လိုက်ရင်း 'ရပြီ ခင်၊ ပက်လက်ပြန်လှန်တော့နော်. . . 'ဟုသာ ပြန်ပြောလေ၏။

ခင်ခြေပစ်လက်ပစ်ဖြစ်နေပြီ။ ခင့်လင်သားပင် ခင့်ကို ယခုကဲ့သို့ ဖတ်ဖတ်မောအောင် မလုပ်ဖူးပေ။ ကိုကတော့ တကယ့် ယောကျ်ားတယောက်ပါပဲ။

၈။

ခင်က ပက်လက်ပြန်လှန်ရင်း ဒူးထောင်ကာ ပေါင်များကို ဖြဲပြီး ကို့အတွက် အဆင်သင့်ပြင်ပေးလိုက်၏။ ကိုက ခင့်ကိုယ် ပေါ်မှောက်ချလိုက်ပြီးနောက် သူ့လိင်တံကို အသာအယာပြန်ထိုးသွင်း၏။

ဘယ်လောက်မောနေပေမယ့် ကို့လိင်တံကြီးတိုးဝင်လာပြန်တော့လည်း အရသာတွေ့သွားရပြန်သည်မို့ ကို့ကို အားပါးတရဖက် လိုက်မိရပြန်၏။

လိင်တံကို အဆုံးထိ ထိုးထည့်ထားရင်း ကိုက ခင့်မျက်နှာအနှံ့ကို နမ်းနေပြန်၏။

'ချစ်တယ် ခင်ရယ်. . .'ဟုလည်း တိုးတိုးပြော၏။

'ခင်လည်း ကို့ကို သိပ်ချစ်တာပါပဲ ကိုရယ်. . .၊ ရင်ထဲမှာ နင့်နေအောင် ချစ်တာပါကွယ်. . .'

ကို့မျက်နှာကိုလည်း ခင်ပြန်နမ်းမိရပြန်၏။ ကိုက ထိုအချိန်မှာပင် ခင့်အင်္ဂါဇာတ်ထဲတွင်ရှိနေသာ သူ့တံဆာကြီးကို ညင်သာစွာ အသွင်းအထုတ်လုပ်နေပြန်၏။ ခင်လည်းကို့ကို အားကျမခံပင်၊ အောက်မှ ညင်သာစွာပြန်လည်ကော့တင်ပေးနေမိရပါ၏။

'စောစောက လမ်းမှာပြောတဲ့စကားကို ခင်ပြန်ရုတ်သိမ်းချင်နေပြီကိုရယ်. . .'

ကိုက ဘာမှပြန်မပြောဘဲ ခင့်မျက်နှာလေးကိုသာ မြတ်နိုးစွာကြည့်နေလေ၏။

'ရန်ကုန်ပြန်ရောက်ရင် ကို့ကို တနည်းနည်းနဲ့ ခင်ပြန်ဆုံချင်တယ်။ အမြဲတန်းမဟုတ်တောင် တခါတလေပေါ့။ ခင်ရှုံးတော့မယ် ထင်ပါရဲ့ ကိုရယ်. . .၊ ကိုက ခင့်ကို သိပ်ဖမ်းစားနိုင်တာပဲ. . .'

'ခင့်ဆန္ဒကအဓိကပါ ခင်ရယ်။ ကိုယ်က ခင်လိုအပ်တဲ့အချိန်မှာ ခင့်နားမှာ အမြဲရှိနေမယ့်သူပါ. . .'

'ခင်ချစ်ပါတယ်ဆိုမှ ကိုက ခင့်ကို ချွဲနေပြန်ပြီကွာ။ မချွဲပါနဲ့ကိုရယ်၊ ခင်က ကြွေပြီးသားပါးရှင်. . .'

သူက ခင့်နှုတ်ခမ်းလေးကို တို့နမ်းလိုက်ပြန်၏။

'ဒီနှုတ်ခမ်းလေးတွေကို မြင်ကတည်းက နမ်းချင်ခဲ့တာ၊ ၁၅နှစ်ကျော်မှပဲ နမ်းရတော့တယ်'ဟုပြောပြန်သေး၏။

'ကျေနပ်ပြီလား ကို. . .'

'ဟင့်အင်း. . . နမ်းရတော့ ပိုနမ်းချင်လာတယ်၊ အခုလိုနေရတော့ ပိုပြီးစွဲလန်းလာတာပေါ့ ခင်ရယ်. . .'

ခင်မျက်နှာပျက်ချင်ချင်ဖြစ်သွား၏။

'ခင်လည်း အတူတူပါပဲ ကိုရယ်။ ဒါပေမယ့်. . .'

သူက ခင့်ကို စကားဆက်ခွင့်မပေးတော့ဘဲ နှုတ်ခမ်းကိုဖိကပ်နမ်းစုပ်လိုက်၏။ ခင့်မျက်လုံးများစင်းကျသွားသည်တွင် သူ့ လက်နှစ်ဖက်က ခင့်ဒူးကို တွန်းကာ ခင့်ကို ခြေဆင်းခိုင်းပြန်၏။

ထို့နောက် ကို့လိင်တံကို ခင့်အင်္ဂါဇာတ်ထဲအဆုံးထည့်ထားပြန်ကာ ကပ်ညှောင့်နေပြန်တော့၏။

မကြာပါ ခင့်အာရုံက ချက်ချင်းပြောင်းသွား၏။ တတ်လည်း တတ်နိုင်လွန်းတဲ့ကိုပါပဲ။ သူ့ညှောင့်ချက်က ညင်သာသော်လည်း သွက်လက်ပြီး ခင့်ကို ထိနေပြန်တော့၏။ အချက်ပေါင်းများစွာ ထိုအတိုင်းဆက်ညှောင့်နေတော့ ခင်ဘယ်လိုမှအားမရတော့ပါ။ အရည် တွေ ပိုလိုက်လာသလို ပေါင်နှစ်ချောင်းကိုလည်း ထောင်ကာ ဖြဲပေးမိရပြန်လေပြီ။

ဒီအခါမှာ သူက အညှောင့်ရပ်ပြီး ခင့်ကိုယ်ပေါ်မှထကာ ဒူးထောက်ပြီးညှောင့်ပြန်၏။ ခင့်ရာဂစိတ်များ ပြန်ကြွတက်လာ ရပြန်ပြီ။ ဒူးထောက်ပြီး အချက်ပေါင်းများစွာ ညှောင့်ပြီးသွားပြန်သောအခါ ဆောင့်ဆောင့်ထိုင်လိုက်ပြန်၏။ ခင့်ကို စောစောကလိုပင် ပြီး အောင် လုပ်ပေဦးတော့မည်ဟု ခင်တွေးနေမိဆဲမှာ သူကလိင်တံကို ခင့်အင်္ဂါဇာတ်ထဲ ထိုးသွင်းထားရင်းကပင် မွေ့ယာပေါ် ဖင်ချထိုင်လိုက် ကာ ခင့်တင်ပါးကိုကျော်ပြီး ခြေဆင်းလိုက်၏။ ဘာတွေလုပ်ဦးမှာပါလိမ့်ဟု ခင်တွေးနေမိ၏။

'ဒူးနှစ်ဖက်ကို လက်နဲ့ပိုက်ထားခင်. . .'ဟု သူကခိုင်းပြန်သည့်အတွက် ခင်လည်း သူခိုင်းသည့်အတိုင်း ဒူးကိုလက်နှင့်ပိုက်ထား လိုက်ရပြန်၏။

သူကထိုအခါတွင်မှ နောက်သို့ အသာလှဲလိုက်ပြီး ခင့်အင်္ကျီဇာတ်ထဲမှ သူ့လိင်တံကို ကော့ထိုးပါတော့၏။

ခင်အကြီးအကျယ်ထိပြီ။ မာတောင်နေသော လိင်တံက ခင့်အင်္ကျီဇာတ်အပေါ်ပိုင်းရှိ ဂျီစပေါ့ကို ထိထိမိမိကြီးထိုးတိုက်နေသော အနေအထားကို သူရွေးချယ်လိုက်ခြင်းပင်ဖြစ်ပါ၏။

ခင့်လင်တော်မောင်သည် ဂျီစပေါ့ ဘယ်နားရှိမှန်းသိဖို့ခင်းစွ၊ ကြားတောင်ကြားဖူးရဲ့လား ခင်မသေချာလှပေ။ ကိုကတော့ စလာကတည်းက ခင့်ကို ဂျီစပေါ့နှင့်ပြီးခိုင်းသလို ဒုတိယအချီမှာလည်း ဂျီစပေါ့နှင့်အစိကို တလှည့်စီပွတ်ကာ ပြီးခိုင်းနိုင်ခဲ့၏။ ယခုလည်း ဂျီစပေါ့ကိုမှ သေချာထိသော နည်းကို သုံးတတ်ပေ၏။

ခင့်ညည်းသံလေးတွေ ညံစီလာရပြန်၏။ သူက အောက်မှသွက်သွက်မြန်မြန်ကြီး ကော့ကာဆောင့်ထိုးနေပေ၏။ မကြာပါ။ ထုံးစံအတိုင်းပင်၊ ဂျီစပေါ့ကို မိမိရရထိလာသောအခါ ခင် ဆီးသွားချင်သလို ဖြစ်လာပြီ။ ကျင်ခနဲ ကျင်ခနဲအရသာထူး။

'ဟင့်ဟင့်. . . ကိုရယ်. . . အို. . . ဟင့်. . . ဟင့်. . . ဟာ့ဒါး. . . ဟာ့ဒါး. . . ပလိစ်. . . ဟင့်. . . . ဟင့်. . . '

ကို့ကိုတော့ ခင်မရှက်နိုင်တော့ပါ။ ဒီ့ထက် ပြင်းပြင်းကြမ်းကြမ်းလေး လှုပ်ရှားပေးဖို့ တောင်းပန်လိုက်မိရပါတော့၏။

ကိုကလည်း ခင့်အကြိုက်ကို သိပုံပါပဲ။ ဆောင့်ချက်တွေက ပြင်းသလို ထိထိမိမိလည်းရှိ၏။ သွက်လည်းသွက်၏။ ထိုအတိုင်း နောက်ထပ် ၅မိနစ်ခန့် မနားတမ်းညှောင့်နေသောအခါတွင်မူ ခင်ပြီးတော့မည်မှာ သေချာလာတော့၏။

'ဟင့်. . . ကိုရယ်. . . အိုင်(မ်) ကမ်းမင်း အဂိန်း. . . အို. . . အဟင့်. . . ကိုရေ. . . အိုင်(မ်) ကမ်းမင်း. . . အာ. . . အာ. . . အင့်. . . အဟင့် အိုင်(မ်). . . အ. . . အ. . . အ. . . . '

ဒီတချီပြီးသည်က ၃ချီထဲတွင် အပြင်းဆုံးများဖြစ်နေသလားမသိ။

သူက နောက်ထပ် ၄-၅၁၀ချက်လောက်ဆက်ဆောင့်ပြီး အလောသုံးဆယ်ထလိုက်၏။ ထို့နောက် ဆောင့်ကြောင့်ထိုင်ပြီး အချက်များစွာ ဆက်ဆောင့်ပြန်ရာ ခင့်မှာပြီးသည့်အရှိန်က လုံးလုံးပြန်မကျတော့ဘဲ ပြီးပြီးရင်း ပြီးရင်းဆက်ဖြစ်နေပါတော့၏။

သူက ညှောင့်နေရင်းက ခင့်ကို မောသံဖြင့်လှမ်းမေးနေချေသေး၏။

'ကိုယ်လည်း ပြီးလိုက်ချင်ပြီ ခင်ရယ်၊ ပြီးရတော့မလားဟင်. . . 'တဲ့။

ခင့်မှာ မောနေရသည့်အထဲ သူ့ကို ထုရိုက်ချင်သွားရလောက်အောင် မချိတင်ကဲ ဖြစ်သွားရပါတော့၏။ လင်တော်မောင်ကို ခေါ် ပြလိုက်ချင်သွားရပြန်ပြီ။ သူပြီးချင်တာတောင် ခင့်ဆီက ခွင့်တောင်းနေသည့် ဒီယောကျ်ားကို ခင်မချစ်ဘဲ မစွဲလန်းဘဲမနေနိုင်တော့ပါ။

သူ့အမေးကို နှုတ်နှင့်မဖြေနိုင်တော့ဘဲ ခေါင်းကိုသာ သွက်သွက်ညိတ်ပြလိုက်ရ၏။

သူက ချက်ချင်းလိုပင် ဒူးထောက်လိုက်ကာ ခင့်ကိုယ်ပေါ် မှောက်ချလိုက်၏။

'ခြေထောက်တွေ တအားထောင်ပြီး ဖြဲပေးထားပါ ခင်ရယ်. . . နော်. . . '

သူခိုင်းသည့်အတိုင်း ဒူးခေါက်ကွေးမှနေပြီး ခြေထောက်များကို ဆွဲထောင်ဆန့်တန်းကာ ပေါင်နှစ်ချောင်းကိုတအားဖြဲပေးထား လိုက်ပါ၏။ ခင်ပြီးနေသည့်အရှိန်ကတော့ တက်လို့ကောင်းနေဆဲ။

သူ့ဆောင့်ချက်က ပြင်းသော်လည်း မသွက်တော့။ တချက်ချင်း မိမိရရကြီးဆောင့်နေသည်မှာ ခင့်သားအိမ်ခေါင်းကို ခပ်ကြမ်း ကြမ်းဆောင့်မိနေသည်မို့ အရသာက ပြင်းလှ၏။

ထိုအတိုင်းတချက်ချင်းဆောင့်နေရာမှ ၇ချက်မြောက်မှာတော့ ခင့်မှာ 'အမေ့. . . သေပါပြီကိုရယ်. . . 'ဟု ညည်းရလောက်အောင် ပြင်းထန်ကြမ်းတမ်းလှသော ဆောင့်ချက်က တိုးဝင်လာပါ၏။ ခင့်သားအိမ်ခေါင်းကို တင်းပုတ်နှင့်ထုလိုက်သကဲ့သို့ပင် ပြင်းထန်လှ၏။ ထိုအချက်နောက်မှာတော့ သူဆက်မဆောင့်တော့ပါ။

သို့ရာတွင် သူ့သုတ်ရည်တွေက ခင့်သားအိမ်ခေါင်းကို စူးစူးရဲရဲပင် ပန်းနေပါလေ၏။ အို. . . ခင်ပျော်လိုက်တာ၊ ခင့်ပြီးခြင်းမှာ အခုမှပင် ပြည့်စုံသွားပါတော့၏။ လိင်တံကြီးကလည်း တချက်ပန်းတိုင်း

တချက်ပွလာသလို ခင့်အင်္ဂါဇာတ်ကလည်း တချက် အပန်းခံရ တိုင်း တချက်ကြုံ့ဝင်နေသလိုဖြစ်နေတော့ရာ အကောင်းတကာ့အကောင်းဆုံးအရသာပင်ဖြစ်ပါတော့၏။

ခင်သူ့ကို မြတ်နိုးတွယ်တာစွာပင် လက်နှင့်ရော ခြေနှင့်ပါ ဖက်ထားမိသည်သာမက တင်ပါးများကိုလည်း အတင်းကော့ပေး ထားမိရပါ၏။

သူ့သုတ်ရည်တွေကလည်း တော်တော်နှင့် မကုန်နိုင်ပါ။ လွန်ခဲ့သည့် ၁၅နှစ်ကတည်းက ခင့်အတွက် စုထားခဲ့လေသလားဟု အောက်မေ့ရလောက်အောင်ပင် ပန်းလို့မဆုံးဖြစ်နေသည်မို့ ခင့်မှာလည်း အကျေနပ်ကြီးကျေနပ်နေမိပါတော့၏။

၉။

'ကို့ကို ခင်အရမ်းချစ်သွားပြီကွယ်. . .'

'ကိုလည်း ခင့်ကို သိပ်ချစ်တာပဲ. . .'

'ဟုတ်ရဲ့လား ကိုရာ၊ ခင်က ကလေးအမေ အဖွားကြီးဖြစ်နေပြီလေ. . .'

'ကလေးအမေအဖွားကြီးက ဘာတွေလုပ်ထားမှန်းမှမသိတာ။ နစ်ပယ်(လ်)တွေဆိုလည်း ပန်းရောင်ထလို့၊ ဗာ(လ်)ဗာကလည်း စိုး တိုက်(တ်)'

အဲလိုတွေပြောတော့လည်း ခင်ရှက်သလိုလိုပင်။ သူပြောတာက ခင့်နို့သီးလေးတွေက ပန်းရောင်တဲ့၊ ခင့် ဟို. . . အခေါင်းက လည်း သိပ်ကြပ်တာပဲတဲ့။

'နောက်ပြီးတော့ ခင့်ကို ကိုယ်က ဟိုးလွန်ခဲ့တဲ့ ၁၅နှစ်ကတည်းက ချစ်ခဲ့တာလေ. . .'

'ယုံပါတယ် ကိုရယ်. . .'

ခင် သက်ပြင်းချမိရ၏။

'ခင်တို့နှစ်ယောက်တော့ ဒုက္ခပဲနော်. . .'

'ဘာဖြစ်လို့လဲ. . .'

'ကံ၅ပါးမှာ တပါးပျက်သွားပြီလေ. . .'

'ဘာလဲ၊ ကာမေသုမိစ္ဆာစာရလား. . .'

'ဒါပေါ့ ကိုရယ်. . .'

'ခင်ရယ်၊ အားလုံး ဖြစ်ခဲ့ကြပြီ။ ဘာလို့ မဟုတ်တာတွေလျှောက်တွေးနေမှာလဲ. . .။ ဘဝမှာ ဖြစ်ချိန်တန်ရင်ဖြစ်မှာ၊ ပျက်ချိန် တန် ပျက်မှာပေါ့. . .၊ ဒါကို စိတ်အလေးမခံပါနဲ့. . . နော်. . .'

'ကိုကတော့နော်. . . ခင်ချစ်ပါတယ်ဆိုမှ ပိုချစ်အောင် နည်းမျိုးစုံလုပ်နေတော့တာပဲ. . .'

'ဘာလဲ ခင်ရဲ့. . .'

'ကို့စကားကိုလည်း ခင်ချစ်သွားလို့ပြောတာ. . .။ ခင့်ကို သိပ်စွဲလန်းအောင်မလုပ်နဲ့နော်၊ တော်ကြာ ခင်က ကိုယ့်ကိုမခွဲနိုင်တော့ ပါဘူးဆိုမှ ကို ပြေးပေါက်များနေလိမ့်မယ်. . .'

သူက ခင့်ပါးကို ဖိဖိလေး နမ်းလိုက်၏။ ခင့်ရင်မှာ တသိမ့်သိမ့်ကြည်နူးရပြန်၏။ ကာမကိစ္စပြီးသွားလျှင် ချက်ချင်းလိုပင် တရ-ေရ-ေအိပ်မောကျသွားတတ်သော လင်တော်မောင်ကို ဖျတ်ခနဲ သတိရလိုက်မိသေး၏။

'ကို့ကို မေးရဦးမယ်. . .'

'မေး. . .'

'ကို မိန်းမတွေအကြောင်ကို ဘာလို့ အဲလောက်တောင်သိတာလဲဟင်. . .'

'ဘာတွေသိနေလို့လဲ ခင်ရဲ့. . .'

'ကိုက မသိချင်ယောင်ဆောင်နေပြန်ပြီ။ ဥပမာ ကိုရာ၊ ဂျီစပေါ့ကို ကိုဘယ်လိုလုပ်သိနေတာလဲ'

'ဒါလား. . .၊ ခင်ကရော ဘယ်လိုသိလဲ. . .'

ခင် ခိုးခိုးခစ်ခစ်ရယ်မိရ၏။

'ကိုက ခင့်ကို ဆရာမကြီးလို့ ထင်နေပြီနဲ့တူတယ်။ ခင်က စာအုပ်တွေ အရမ်းဖတ်တော့ စာအုပ်တွေထဲမှာ ဖတ်ဘူးတာပေါ့. . .။ ခင်ထင်တယ်၊ ခင့်အကိုတွေက ဆရာဝန်တွေဆိုတော့ သူတို့ရဲ့ အနာတော်မီစာအုပ်ထဲမှာ ငယ်ငယ်က ဖတ်ဘူးတာလားမသိဘူး။'

'ကိုလည်း ခင့်လိုပါပဲ။ စာအုပ်တွေထဲမှာ ဖတ်ဖူးတာ။ နောက်ပြီးတော့ လက်တွေ့စမ်းကြည့်တာပဲ. . .'

'ခင်တော့ ဖတ်ရုံပဲ ဖတ်ဘူးတာ၊ လက်တွေ့ကတော့ ကိုနဲ့တွေ့မှ သိတော့တာ. . .။ နောက်တခုရှိသေးတယ် ကိုရဲ့. . .။ ကို့ကို ပြောပြရင် ကိုယုံပါ့မလားမသိဘူး။ ခင်လေ. . . ကို ခင့်အောက်ပိုင်းကို နမ်းပေးတော့ အရမ်းအားနာတာပဲ။ ဗီဒီယိုတွေထဲမှာတော့ ကြည့် ဘူးတာပေါ့။ ဒါပေမယ့် ဗမာယောကျ်ားတွေ လုပ်မှာမဟုတ်ဘူးလို့ ထင်ထားတာ။ ကိုနမ်းပေးတော့ ခင့်ရင်ထဲမှာ အရမ်းလည်း ကြည်နူး တယ်၊ အရမ်းလည်း အားနာတာပဲ. . .'

'ခင်ကလည်းကွာ. . . ကိုယ်က ခင့်ကိုအရမ်းချစ်လို့ပဲဟာ. . .'

'ယုံပါတယ်ကိုရယ်. . .။ ခင်လည်း ကို့ကို နမ်းပေးတာ ပထမဆုံးအကြိမ်ပဲ၊ ကို့အတွက် အဆင်မှပြေရဲ့လားမသိဘူး။ ခင့်ဘဝမှာ ယောကျ်ားတယောက်ရဲ့အဲဒီ့နေရာကို နမ်းဖို့မဆိုထားနဲ့ လက်နဲ့တောင် မကိုင်ဖူးဘူးဆိုရင် ကိုယုံမလား. . .'

'တကယ်. . .'

'ဟုတ်တယ်ကိုရဲ့. . .၊ ကိုနဲ့ကျမှ ခင်လည်း ဘာတွေဖြစ်ကုန်မှန်းမသိဘူး၊ ရှက်တာလည်း မရှိတော့၊ ကြောက်တာလည်းမရှိတော့ ဘူး။ ခင့်ကိုတော့ ကို တော်တော်အထင်သေးသွားမှာပဲနော်. . .'

'ကြံကြံဖန်ဖန်ခင်ရယ်၊ ဘာလို့အထင်သေးရမှာလဲ။ ခင်ပြောသလိုပဲ အခုလိုသိရတော့ပိုတောင်ကြည်နူးသေးတယ်။ ဒါနဲ့နေပါဦး။ ခင်က ဆက်စ် ဗီဒီယိုတွေကြည့်ဖူးတယ်လား. . .'

ခင်ရယ်လိုက်ပြန်၏။

'ကြည့်ဖူးတာပေါ့ ကိုရဲ့။ ခင့်မှာ ဗရုတ်သူငယ်ချင်းတယောက်ရှိတယ်၊ လွင်မာတဲ့. .။ အဲဒီ့ကောင်က သိပ်ကဲတာ။ သူ့ဆီမှာ အဲလို အခွေတွေ အများကြီးပဲ။ သူ့အိမ်သွားလည်တဲ့အခါဆို ခင်တို့ကို ပြတော့တာပဲ. . .။ မကြည့်ချင်ဘူးပြောလည်း မရဘူး. . .။ ကိုကတော့ ယောကျ်ားလေးဆိုတော့ ခင့်ထက်တောင် ကြည့်ဖူးမှာပေါ့နော်. . .'

'ဒါပေါ့ ခင်ရဲ့. . .'

ခင် ခဏငြိမ်နေ၏။ သူက ပက်လက်အနေအထားဖြင့် ခင့်ကို ဘယ်လက်ဖြင့်သိုင်းဖက်ထားသလို ခင်က သူ့ဘက်သို့စောင်းကာ သူ့ကို ဖက်လည်းဖက် ခွလည်းခွထားလေ၏။

၁၀။

ညားခါစ ဇနီးမောင်နှံလိုပင်ဖြစ်၏။

တယောက်ကိုတယောက် ယုယုယယပိုက်ထွေးရင်း အိပ်မောကျသွားခဲ့ကြသလို မနက်လင်း၍ နိုးလာတော့လည်း တယောက်ကို တယောက် ပိုက်ထွေးထားဆဲဖြစ်၏။

သူက အရင်နိုးနေသည်ထင်၏။ ခင်နိုးလာပြီး မျက်လုံးဖွင့်လိုက်သောအခါခင့်မျက်နှာကိုတစိမ့်စိမ့်ကြည့်နေသောသူ့ကိုမြင်ရ၏။ စောင်ထူထူအောက်တွင် တယောက်နှင့်တယောက် ဖက်ထားရသည်မှာ ဇိမ်ရှိလှသလိုပင်။

ခင်တခါမှ မလုပ်ဖူးသောအလုပ်တခုဖြစ်သည့် ဝတ်လစ်စလစ်အိပ်ခြင်းကိုလည်း သူနှင့်မှ လုပ်ဖြစ်ခဲ့ပါ၏။ နှစ်ယောက်စလုံး မိမွေးတိုင်း ဖမွေးတိုင်းအနေအထားဖြင့် အိပ်ပျော်သွားခဲ့ကြရာ နိုးလာတော့လည်း တယောက်အသား တယောက် ထိလျက်အနေအထား ဖြစ်သဖြင့် ပိုပြီးနွေးထွေးနေ၏။

သူက ခင့်နှုတ်ခမ်းကို နမ်းပြီး မင်္ဂလာနံနက်ခင်းဟု နှုတ်ဆက်၏။ ထိုအနမ်းသည် ထိုနေ့တနေ့တာအတွက် ညားခါစသူတို့ နှစ်ဦးအား လင်မယားကိစ္စများဆောင်ရွက်ဖြစ်စေရန် နှိုးဆော်သောအနမ်းလည်းဖြစ်၏။

တနေကုန်အခန်းအောင်းကြ၏။ နံနက်စာနှင့် နေ့လည်စာကို အခန်းသို့ပင် မှာယူစားသောက်ကြ၏။ ခင့်ကိုယ်မှာ အဝတ် မကပ်ဘဲ အကြာဆုံးနေဖူးခြင်းလည်းဖြစ်၏။ မနက်စာနှင့် နေ့လည်စာလာပို့ချိန်တွင် သူကခါးကို မွေးပွမျက်နှာသုတ်ပုဝါကြီး ပတ်ကာ ထွက်ယူ၏။ ခင်က အိပ်ခန်းတွင်းမှာ ဒီတိုင်းကျန်ရစ်၏။

ခင့်ကိုယ်မှာ အဝတ်မကပ်ဘဲ အကြာဆုံးနေခြင်းဖြစ်သလို ကာမစပ်ယှက်မှုကို ခံယူရာတွင်လည်း အကြာဆုံးပင်ဖြစ်ပါ၏။ မနက်မိုးလင်း မျက်စိနှစ်လုံးပွင့်ပြီး နှုတ်ဆက်အနမ်းမှာကတည်းက ခင့်မှာ တချီပြီးရ၏။ ထို့နောက် မျက်နှာသစ်၊ သွားတိုက်ပြီး ရေချိုး ကြပြန်တော့ ရေချိုးကန်ထဲမှာစပ်ယှက်ပြန်သေး၏။ ထိုမှ နှစ်ယောက်သား အိပ်ရာပေါ် ပြန်ရောက်လာကြကာစပ်ယှက်ဖြစ်ပြန်၏။

အရှိန်တက်လာခိုက်မှာ ပြင်းပြင်းထန်ထန်၊ ထို့နောက် ယုယုယယညင်ညင်သာသာ၊ ထို့နောက် ပြင်းပြင်းထန်ထန်။ သူကလည်း နည်းပေါင်းစုံကို သုံး၏။ ခင့်ကိုယ်ကို ခေါင်းမှ ခြေဖျားအထိ သူနမ်းသလို သူ့ကိုလည်း ခင က ထိုအတိုင်း နမ်းဖြစ်၏။ နေ့လည်စာ စား ချိန် ရောက်သောအခါ ခင် သုံးချီပြီးနေခဲ့ပြီ။ သူကမူ ပြီးအောင်မလုပ်သေး။ အတော်လည်း ထိန်းနိုင်သော ကိုပင်ဖြစ်ပါ၏။

သူ့နည်းပေါင်းစုံထဲတွင် ခင်အနှစ်သက်ဆုံးပုံစံမှာ ခင့်ကို ပက်လက်လှန်ခိုင်းပြီး ဒူးနှစ်ချောင်းကွေးလျက် ထောင်ထားခိုင်းကာ သူက ခင်နှင့်ထောင့်မှန်ကျအနေအထားမှာနေပြီး ထိုးသွင်းသောနည်းဖြစ်၏။ သူက ဘေးတိုက်အနေအထားဖြင့် ခင့်အင်္ဂါဇာတ်ထဲထိုး ဆောင့်ပေးခြင်းဖြစ်၏။ ခင်ကပက်လက်၊ ခင့်အင်္ဂါဇာတ်ထဲသို့ သူ့တံဆာကို ဒူးထောက်ကာသွင်းပြီးနောက် သူက ခင့်ညာဘက်ခြမ်းသို့ ဘေးတိုက်လှဲချလိုက်ခြင်းဖြစ်၏။ ထို့ကြောင့် တယောက်ကိုတယောက် နမ်းရှုပ်ရန်၊ ပွေ့ဖက်ရန် မဖြစ်နိုင်တော့သော်လည်း လက်ချင်း ဆုပ်ထားလို့ရသည်၊ သူက ခင့်နို့များကို လှမ်းပြီးဆုပ်နယ်ပွတ်သပ်ကစားနိုင်၏။ ခင့်အစိလေးကို လက်နှင့်လှမ်းကစားနိုင်၏။ အကောင်းဆုံးမှာ အဝင်အထွက်ဖြစ်၏။

ထိုနည်းမှာ ကော့ထိုးသော နည်းပြီးလျှင် ခင်အကြိုက်ဆုံးဖြစ်၏။ ကော့ထိုးသောနည်းမှာတော့ ခင့်ဂျီစပေါ့ကို မိမိရရထိ သဖြင့် ခင်သဘောကျ၏။ အားအရဆုံးမှာတော့ ခင့်ကို လေးဘက်ကုန်းခိုင်းကာ သူက နောက်မှသွင်းထားလျက်ကြမ်းကြမ်းသွက်သွက် ကပ်ညှောင့်သော နည်းပင်ဖြစ်၏။
ဒုတိယအားအအရဆုံးကတော့ သူကဆောင့်ကြောင့်ထိုင်ကာ အားပါးတရထိုးဆောင့်ချက်များပင်ဖြစ် ပါ၏။

မည်သည့်နည်းနှင့်ဖြစ်စေ၊ ခင့်အတွက်ကတော့ ကောင်းနေသည်ချည်းပင်။ သူ့လိင်တံတင်မက သူ့လျှာကပါ ခင့်ကို အရသာစုံ ပေးနိုင်လွန်းပါ၏။ ခင်လည်း အားကျမခံပင် အင်္ဂါဇာတ်နှင့်တင်မကဘဲ နှုတ်ခမ်းများလျှာများဖြင့်ပါ သူ့လိင်တံကို အရသာများပြန်ပေး ဖြစ်ခဲ့ပါ၏။

အစာစားတော့ရော၊ စားပြီးလို့ ခဏတဖြုတ်နားတော့ရော တယောက်ကိုတယောက် ဖက်လျက်သာ။ ဝတ်လစ်စလစ် အနေ အထားဖြင့်သာ။ ပြီးရင်တော့ ကို့ရဲ့ မဆုံးနိုင်သော အနမ်းရှည်မှ အစပြုကာ ခင်တယောက် ကာမဂုဏ်အာရုံကို အပြည့်အဝခံစားရပြန် လေ၏။

ထူးခြားသည်မှာ နာရီပေါင်းများစွာ စပ်ယှက်နေကြသည်ဖြစ်လည်း တယောက်ကိုတယောက် ညည်းငွေ့သည်မရှိ၊ ဝသည် မရှိ၊ အားရသည်မရှိအောင်ဖြစ်နေကြခြင်းသာဖြစ်၏။ ကြိမ်ဖန်များလာလေလေ၊ တယောက်နှင့်တယောက်အပေးအယူမျှလာလေလေ၊ ပိုပြီး အရသာတွေ့လေလေ၊ တယောက်ကိုတယောက် ပိုပြီး တပ်မက်လာလေလေသာဖြစ်၏။

ညစာကိုတော့ အပြင်ထွက်စားဖြစ်ကြ၏။ မနေ့ကဆိုင်လေးမှာ ကဗျာဆန်ဆန်၊ ဖယောင်းတိုင်မီးလေးနှင့် နွေးနွေးထွေးထွေး။ ခင်ကြိုက်သော ဝိုင်အဖြူအေးအေးနှင့်။ ဆိုင်သို့ အသွားရော၊ အပြန်မှာပါ သူ့ကိုတွယ်မှီရင်း၊ လက်ချင်းတွဲရင်းလမ်းလျှောက်ရသော အရသာကို ခင်ခံစားရ၏။ ညစာစားရင်းနှင့် ခင် သူ့ကို ပြောဖြစ်သော စကားတခွန်းရှိသေး၏။

'အိုင်(မ်) ဂက်တင်း ဟော်နီ. . . 'လို့ပင်။ မြန်မာလိုဆိုရင်တော့ ခင့်ရာဂစိတ်တွေ ကြွလာပြန်ပြီဟု ပြောလိုက်မိခြင်းပင်ဖြစ်၏။ သူကလည်း ခင့်လိုပါပဲဟု ပြန်ပြောကာ ခင့်လက်ကလေးကို ဆွဲယူပြီး သူ့ပေါင်ပေါ် သို့ အသာတင်ပေး၏။ ခင်စမ်းကြည့်လိုက်တော့ အဟုတ်ပင်၊ သူ့လိင်တံကြီးက မာနေပြန်၏။

ခင့်ရင်မှာ အရမ်းကြည်နူးရ၏။ တနေကုန် စပ်ယှက်ခဲ့တာတောင် သူဆန္ဒရှိနေတုန်းဆိုသော အသိကြောင့်ဖြစ်၏။

'အိုင်(မ်) အောလ်စိုး ဒရစ်ပင်း ဝက်(တ်)'ဟု ခင်သူ့ကို ပြန်ပြောလိုက်မိရသေး၏။ ခင်လည်း ကို့လိုပဲ ရွှဲရွှဲစိုနေပါပြီရှင်ဟု ပြော လိုက်ခြင်းပင်ဖြစ်ပါ၏။ မြန်မာလို ပြောရအောင်တော့ ခင့်နှုတ်က မရဲလှပါ။

ထို့ကြောင့် ညစာကို ခပ်လောလောစားသောက်ခဲ့ကြပြီး အခန်းသို့ မြန်မြန်ပင်ပြန်ခဲ့ကြပြန်၏။

ထို့နောက်တွင်ကား ခင်တို့၏မဆုံးနိုင်သော ချစ်ပွဲကြီးပင်ဖြစ်ပါ၏။ နောက်တည ဆုံခွင့်မရှိတော့သည်ကိုနှစ်ယောက်လုံးက သိနေကြသဖြင့် အိပ်ဖို့ကို မစဉ်းစားဖြစ်ကြတော့။ ချစ်ပြီးရင်း ချစ်ဖို့သာ အားသန်နေကြ၏။ ကိုမြင့်နိုင်က ထုံးစံအတိုင်း ညဖက်တွင် ဖုန်းဆက်၏။ သူက ထုံးစံအတိုင်း ကိုမြင့်နိုင်နှင့်ခင်ဖုန်းပြောနေတုန်းမှာ ခင့်ကို နောက်ကနေ စပ်ယှက်နေသေး၏။ ဒီတခါမှာတော့ ခင် ရဲသွားပြီ။ ကိုမြင့်နိုင်နှင့်စကားပြော လုံးလုံးမပျက်ဘဲ သူပေးနေသော အရသာကို

ခံယူလိုက်နိုင်သလိုသူ့စည်းချက်နှင့်ညီအောင်လည်း  ခင့်တင်ပါးကို ဝိုက်ကာ၊ ခင့်ကာနှင့် ကုန်းပေးလိုက်နိုင်ခဲ့ပါ၏။

ညနှစ်နာရီသာသာတွင်တော့ ခင် မောလှပြီမို့ မှေးခနဲအိပ်ပျော်သွား၏။

သူလည်း အိပ်ပျော်သွားပါ၏။ ၄နာရီ၁၀မိနစ်ခန့်တွင် ခင်နိုးလာ၏။ ဝိုင်ကြောင့် ရင်ပူပြီးနိုးလာခြင်းဖြစ်၏။ ရေထ သောက်ရန် သူ့ရင်ခွင်ထဲမှ အထွက်တွင် သူလည်း ဖျတ်ခနဲနိုးလာ၏။ ရေကို တဝသောက်ကြ၊ ဆီးသွားကြပြီးသည့်နောက်တွင်ကား မတိုင်ပင် ထားဘဲနှင့် စိတ်ဇောသန်သန် စပ်ယှက်ဖြစ်ကြပြန်၏။

လေယာဉ်ချိန်က မနက်၁၀နာရီ။ ၉နာရီ ကွင်းအရောက်ပေ့ါ။ ခင်တို့နှစ်ယောက် မနက်စာပင်မစားဖြစ်တော့ချေ။ ၄နာရီလုံးလုံး မနားတမ်း စပ်ယှက်နေဖြစ်ကြ၏။ ခင်က အားမရနိုင်သလို သူလည်း အားမရနိုင်ဟန်မတူပါ။ ၇နာရီခွဲသောအခါတွင်မှ ခင်သူ့ကို သတိ ပေးရပြီ။ ထိုအခါကျမှ သူက ပွဲသိမ်းဖို့ကြိုးစားတော့၏။

အဲတော့လည်း ခင့်မှာ ဖတ်ဖတ်မောရပြန်၏။ သူ့ကော့ထိုးနည်းကို အသုံးပြုကာ ခင့်ကို ပေါက်ကွဲပွင့်ထွက်အောင်ပြီးစေခြင်း ဖြစ်သလို သူကိုယ်တိုင်ကလည်း ၂၄နာရီကြာ မပြီးအောင်ထိန်းကာ စုဆောင်းထားသည်များကို ခင့်အင်္ဂါဇာတ်ထဲ အရှိန်အဟုန်ပြင်းပြင်း နှင့် အမြောက်အများပန်းထုတ်ပေးလေတော့၏။

၈နာရီလောက်ကျတော့မှ ကမန်းကတန်းရေချိုးအဝတ်လဲကြ။ သူကလည်း အခန်းပြန် ပစ္စည်းသိမ်း၊ ခင်လည်း ပစ္စည်းသိမ်းကာ အငှားယာဉ်ပေါ်ရောက်တော့ ၈နာရီ၄၅မိနစ်ပင်ရှိနေလေပြီ။

လေဆိပ်မှာလည်း မြန်မာတယောက်မှမရှိသဖြင့် ခင်နှင့်သူမှာ တယောက်ကိုတယောက်ပွေ့ဖက်ထားမြဲ။ လေယာဉ်ပေါ်မှာ လည်း နမ်းကြမြဲ။ တွတ်ထိုးကြမြဲ။

ဘန်ကောက်ရောက်တော့မှ ကိုယ်ရှိန်သပ်ကြရ၏။ ဘန်ကောက်မှာတော့ မြန်မာတွေ များသဖြင့် အသိက တွေ့ချင်တွေ့နေနိုင် သည်မို့ တယောက်နှင့်တယောက် မျက်လုံးနှင့်မှလွဲပြီး မချစ်နိုင်ကြ။

ကံကောင်းချင်တော့ ရန်ကုန်အပြန် ထိုင်းလေယာဉ်မှာကျတော့ သူရော၊ ခင်ပါ ပထမတန်းက စီးနင်းလိုက်ပါကြသည်မို့ ထို အတန်းမှာ တခြားမြန်မာခရီးသည် တယောက်မှ မတွေ့ရပေ။ နိုင်ငံခြားသားပင် နှစ်ဦးသာပါသည်မို့ ခင်နှင့်သူတို့ တွတ်ထိုးနိုင်၊ နမ်း နိုင်ကြသေး၏။

နာရီဝက်သာသာကြာသော ထိုခရီးစဉ်က နှစ်ယောက်စလုံးအတွက် မြန်ဆန်လွန်းလှ၏။

သေချာသည်ကတော့ ရန်ကုန်ရောက်လျှင် ခွဲကြရဦးမည်၊ လွမ်းကြရဦးမည်သာဖြစ်၏။ သို့သော် လင်တော်မောင်က အမေရိက မှ တော်တော်နှင့် ပြန်ရောက်ဦးမည်မဟုတ်သည့်အတူတူ ခင် သူနှင့်တွေ့ခွင့်ရအောင် အားထုတ်မိဦးမည်လည်း ဖြစ်နေပါတော့၏။

ပြီး ပါ ပြီ

---

ဂျီစပေါ့ ( G စသအ) ရှာဖွေနည်း

အမျိုးသမီးအား ကြမ်းပြင်ပေါ်တွင် ပက်လက်အိပ်ခိုင်းပြီး ဒူးကိုထောင်ပြီးဖြဲခိုင်းပါ။ အမျိုးသားက အမျိုးသမီး၏ခြေရင်းမှ နေပါ။ ထို့နောက် အမျိုးသား၏လက်ဖဝါးကို ပက်လက်လှန်ကာ အမျိုးသမီး၏အင်္ဂါဇာတ်အတွင်းသို့ လက်ချောင်း တချောင်းဖြစ်စေ၊ နှစ်ချောင်းဖြစ်စေ ထိုးသွင်းလိုက်ပါ။ ထိုလက်ချောင်းများကို အမျိုးသမီး၏ခြေရင်းဘက်သို့ ပြန်ကွေးယူလိုက်ပါ။ လက်ညှိုးနှင့်ဖြစ်စေ၊ လက်ခလယ်နှင့်ဖြစ်စေ လူယောက်အား မိမိထံ လာရန် အချက်ပြပြီး လှမ်းခေါ်သည့် ပုံစံမျိုးကိုဆိုလို၏။

ပက်လက်လှန်ထားသော အမျိုးသမီး၏အင်္ဂါဇာတ်ကို နာရီအတိုင်းစဉ်းစားလျှင် ၁၀နာရီနှင့် ၂နာရီအမှတ်အသားများ ကြား တနေရာတွင် ဂျီစပေ့ါရှိ၏။ အမှန်မှာ ဆီးတိုင်နှင့် အစိတ်ဆီသွားသော သွေးကြောများစုဆုံရာနေရာဖြစ်၏။ ထိုနေရာကို ခပ်ဖိဖိလေး စမ်းမိပြီး သေချာဖိမိသွားလျှင် အမျိုးသမီးမှာ ဆီးသွားချင်သလို ခံစားမှုမျိုးဖြစ်လာ၏။ သို့သော် စိတ်ချလက်ချ ဆက်ဖိပါ။ လက်ချောင်း ထိပ်နှင့်

အသာအယာနှိပ်ပေးသလိုမျိုးဆက်တိုက်လုပ်နေရင်းက အစိကိုလည်း တပြိုင်နက်တည်း လျှာဖြင့်ဖြစ်စေ၊ အခြားလက်ချောင်းဖြင့် ဖြစ်စေ ဆက်တိုက်ပွတ်သပ်ပေးနေမည်ဆိုလျှင် ထိုအမျိုးသမီးသည် ပေါက်ကွဲပွင့်ထွက်ခြင်းမျိုးဖြင့် ပြီးသွားနိုင်၏။ ကာမစပ်ယှက်သော နည်းဖြင့် ထိုနေရာကို ထိပြီး ပြီးအောင်စပ်ယှက်ရန်မှာမူ အလွန်မလွယ်ကူသော ကိစ္စဖြစ်၏။ လက်နှင့်သေချာအောင်ရှာဖွေပြီး သေချာပြီဆိုမှ အထက်မှ ဇာတ်လမ်းတွင်ပါသည့်နည်းလမ်းအတွင်း လိင်တံကို ထိုနေရာသို့ထိအောင် ကော်ထိုးသော နည်းမျိုးဖြင့်ကြိုးစားလျှင်မူ ပြီးနိုင်ပါ၏။ သို့ရာတွင် အမျိုးသမီးတိုင်း ထိုသို့ပြီးရန်မှာမူ အလွန်ခက်ခဲသည်ဟု မှတ်ပါလေ။

အမျိုးသမီး၏စိတ်အနေအထားနှင့် ပတ်ဝန်းကျင်အခြေအနေအေးချမ်းသက်သာမှုရှိမရှိပေါ်တွင် မူတည်ပြီး ဂျီစပေါ့ကို ကလိ ပေးခြင်းဖြင့် ပြီးဆုံးအောင်လုပ်ရန်မှာ ၃မိနစ်မှ ၁၀မိနစ်ခန့်အထိ ကြာတတ်၏။ စိတ်ရှည်လက်ရှည်နှင့် ကြိုးစားကြည့်ကြပါလေ။

--------------------------------------------------------------